ဇွန် ၆ ရက်၊ ၂၀၂၆


ငြိမ်းချမ်းမှု ပျောက်ဆုံးသွားသော မိုးကောင်းကင်



လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

mohr@nugmyanmar.org

www.mohr.nugmyanmar.org



မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
အကျဉ်းချုပ်	**၃ - ၄**
နိဒါန်း	**၅**
အချက်အလက်မှတ်တမ်းတင်ခြင်းနှင့် သုတေသနဆိုင်ရာနည်းစနစ်	**၆**
မြန်မာနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများအား ခြုံငုံသုံးသပ်ချက်	**၆ - ၇**
• လေကြောင်းတိုက်ခိုက်မှုလမ်းကြောင်းပုံစံများနှင့် အသုံးချသောလက်နက်အမျိုးအစားများ	၇ - ၈
• လေကြောင်းတိုက်ခိုက်မှုပုံစံများ	၈ - ၉
လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းများနှင့် ထိခိုက်ဒဏ်ရာရခြင်းများ	**၁၀**
• အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများ၏ ဖြစ်ရပ်များကို လေ့လာခြင်း	၁၀ - ၁၃
အရပ်သားအခြေခံအဆောက်အအုံများထိခိုက်ပျက်စီးမှု	**၁၃ - ၁၄**
• အရပ်သားအခြေခံအဆောက်အအုံများအပေါ်တိုက်ခိုက်မှုဖြစ်စဉ်များကိုလေ့လာခြင်း	၁၄ - ၁၈
မှတ်တမ်းအထောက်အထား အချက်အလက်များမှ တွေ့ရှိချက်များ	**၁၉**
• အသက်ရှင်သန်မှုများနှင့် နေ့စဉ်လူနေမှုဘဝများ ဆုံးရှုံးရခြင်း	၁၉-၂၀
• မြန်မာနိုင်ငံတဝန်း လေကြောင်းအသုံးပြုတိုက်ခိုက်မှုများ မြင့်တက်လာခြင်း	၂၀
• အရပ်သားနေထိုင်ရာနေရာများနှင့် အခြေခံအဆောက်အအုံများ အဓိကပစ်မှတ်ဖြစ်လာခြင်း	၂၁
• နယ်မြေဒေသန္တရများအား ပူးပေါင်းအာရုံစိုက်မှုနှင့် တိုက်ခိုက်မှုပုံစံများ	၂၂
နိဂုံး	**၂၂-၂၄**
အကြံပြုချက်များ	**၂၄**

အကျဉ်းချုပ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်းအရပ်သားပြည်သူများနေထိုင်ရာဒေသများကို စနစ်တကျ ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများ အဆမတန် မြင့်တက်လာခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန (MOHR) မှ ပြုစုထားသော ဤအစီရင်ခံစာသည် အကြမ်းဖက်စစ်အုပ်စု ၏ နယ်မြေ ထိန်းချုပ်မှု ကို ပြန်လည်ရယူရန်၊ တော်လှန်ရေး အင်အားစုများ ကို ဖိနှိပ်ရန်နှင့် အရပ်သားပြည်သူများအားကြောက်ရွံ့စေရန်အတွက် လေကြောင်းအင်အားကို အဓိကစစ်ရေးဗျူဟာတရပ်အဖြစ် ပိုမို့အသုံးပြုလာပုံကို မှတ်တမ်းတင်ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် မှတ်တမ်း နှင့် သုတေသနဌာန (Documentation and Research Department) မှ အချက်အလက်စုဆောင်း၍ အတည်ပြုထားသော အထောက်အထားများကို အခြေခံထားပြီး ၎င်းတို့တွင် မြေပြင်မှ ရရှိသော သက်သေအထောက်အထားများ၊ အသက်ရှင်ကျန်ရစ်သူများ၏ထွက်ဆိုချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကွန်ရက်များမှ ရရှိသော အချက်အလက်များနှင့် ဖြစ်စဉ်အတည်ပြုရေးလုပ်ငန်းစဉ်များ ပါဝင်သည်။ ထိုသို့ စုဆောင်း အတည်ပြု ထားသော အချက်အလက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံတဝှမ်းဖြစ်ပွားသည့် လေကြောင်းတိုက်ခိုက် မှုများအား လေးနှစ်ကျော်ကြာ စနစ်တကျ စောင့်ကြည့်မှတ်တမ်းတင်ခဲ့ရာမှ ရရှိလာသောအချက် အလက်များကို ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။

၂၀၂၆ ခုနှစ် မေလအထိ လူ့အခွင့်အရေးဝန်ကြီးဌာန (MOHR) သည် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ၊ ပါရာမော်တာများ (Paramotors)၊ ဂျိုင်ရိုကော်ပတာများ (Gyrocopters) နှင့် အခြားသော လေကြောင်းစနစ်များကို အသုံးပြု၍တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၅,၅၀၀ ကျော်နှင့် တိုက်ခိုက်မှုအကြိမ်ရေ ၁၂,၀၀၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၇၆၀ ဦးခန့် အပါအဝင် အရပ်သားပြည်သူ ၅,၇၀၀ ကျော် သေဆုံးခဲ့ပြီး၊ ကလေးသူငယ် ၁,၀၀၀ ကျော် အပါအဝင် လူပေါင်း ၉,၅၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ကြောင်းထိုးတိုက်ခိုက် မှုများကြောင့် လူဦးရေ တသန်းကျော် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စုဆောင်းရရှိထားသော အထောက်အထားများအရ လေကြောင်းမှ

ဤအစီရင်ခံစာအရ လေကြောင်းတိုက်ခိုက်မှုများသည် သီးခြားဖြစ်ရပ်များ မဟုတ်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည့် စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသော စစ်ရေးမဟာဗျူဟာတရပ်အဖြစ် တဖြည်းဖြည်း ပြောင်းလဲလာကြောင်း ကောက်ချက်ချနိုင်သည်။

ဗုံးကြဲတိုက်ခိုက်မှုများသည် အရပ်သားများနေထိုင်ရာဒေသများကို ပို၍ ဦးတည်ပစ်မှတ်ထားသည့် လက္ခဏာများကို တွေ့မြင်ရပြီး ပစ်မှတ်ထားတိုက်ခိုက်ခံရသည့် နေရာများ တွင် စာသင်ကျောင်းများ၊ ဆေးရုံများ နှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ ခိုလှုံနေထိုင်ရာနေရာများ၊ လူစုလူဝေးနေရာများ၊ တိုက်ပွဲဖြစ်ပွားနေသည့် ရှေ့တန်းစစ်မျက်နှာများနှင့် ၎င်းနှင့် အလှမ်းဝေးသော ကျေးရွာများ ပါဝင်သည်။

လေ့လာ တွေ့ရှိချက်များ အရ အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်မှုပုံစံများသည် အဓိကဖြင့် ၎င်းတို့ နယ်မြေထိန်းချုပ်နိုင်စွမ်း လျော့နည်းလာသည့် ဒေသများတွင် တိုက်ခိုက်မှု ပုံစံတူများကိုတွေ့ရပြီး အထူးသဖြင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရခိုင်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်သော ဒေသများ တွင် ထင်ရှားစွာ တွေ့မြင်ရသည်။

မှတ်တမ်းတင်ထားသော အထောက်အထားများအရ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ပြီးနောက် လက်နက်ကြီး ပစ်ခတ်မှုများနှင့် မြေပြင်စစ်ကြောင်းထိုးမှုများကို တွဲ၍ တိုက်ခိုက်လေ့ရှိကြောင်း တွေ့ရှိရသည်။ ယင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများကို ၎င်းတို့၏ နေရပ်ဒေသများမှ စွန့်ခွာ ထွက်ပြေးစေရန်၊ ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် အကြမ်းဖက်စစ်အုပ်စု အနေဖြင့် နယ်မြေများကို ပြန်လည် ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်ထားကြောင်း အထောက်အထားများက ဖော်ပြနေသည်။ ထိုတိုက်ခိုက်မှုပုံစံများသည် လေကြောင်းအင်အားကိုအသုံးပြု၍ အရပ်သားပြည် သူများအပေါ် အတင်းအကြပ်ဖိအားပေးရန်နှင့် အစုလိုက်အပြုံလိုက်ဒုက္ခရောက်စေရန်အတွက် ဆောင်ရွက်သည့် နည်းလမ်းတရပ်အဖြစ် အသုံးပြုလျက်ရှိသည်ကို ဖော်ပြနေသည်။

အစီရင်ခံစာတွင် အရပ်သားပိုင်အဆောက်အအုံများ အများအပြား ထိခိုက်ပျက်စီးမှု ကိုလည်း ဖော်ပြထားပြီး အစီရင်ခံကာလအတွင်း ဘာသာရေးအဆောက်အအုံ ၇၅၂ ခု၊ စာသင်ကျောင်း ၅၀၂ ကျောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံ ၁၇၀ ခုမှာ ထိခိုက်ပျက်စီးခြင်း (သို့မဟုတ်) ဖျက်ဆီးခံခဲ့ရသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ကာ အထူးသဖြင့် ကလေးငယ်များ၊ နေရပ်စွန့်ခွာထွက်ပြေးရသူများ၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် သက်ရောက်မှုများရှိကြောင်း အသက်ရှင်ကျန်ရစ်သူများ၏ သက်သေထွက်ဆိုချက်များအရ တွေ့ရှိရသည်။ ဘုန်းကြီးကျောင်းများ၊စာသင်ကျောင်းများ၊ ဆေးရုံများနှင့် စစ်ဘေးရှောင်စခန်းများအပေါ် ထပ်တလဲလဲ တိုက်ခိုက်မှုများကြောင့် ပညာရေး၊ကျန်းမာရေးနှင့် အကာအကွယ်ပေးရေးဝန်ဆောင်မှုများကို ထိခိုက်စေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများနှင့် လူမှုအသိုက်အဝန်းပြိုကွဲမှုကို ကြုံတွေ့စေသည်။

လွှအခွင့်အရေးဆိုင်ရာဝန်ကြီးဌာန အနေဖြင့် မှတ်တမ်းတင်ထားသော တိုက်ခိုက်မှုပုံစံများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitarian Law - IHL)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (International Human Rights Law - IHRL) နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဥပဒေ (International Criminal Law - ICL) အောက်တွင် လေးနက်သော စိုးရိမ်ဖွယ်ရာ အခြေအနေများကို ဖြစ်ပေါ်စေကြောင်း အလေးအနက် ထောက်ပြထားသည်။ ဂျီနီဗာသဘောတူညီချက်များ၏ ထပ်ဆောင်းစာချုပ် (Additional Protocol I) အပိုဒ် ၄၈ တွင် ပြဋ္ဌာန်းထားသည့် ခွဲခြားသတ်မှတ်မှုဆိုင်ရာ အခြေခံမူ (Principle of Distinction) အရ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်းများသည်အရပ်သားများ နှင့် စစ်ရေးပစ်မှတ်များကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန် တာဝန်ရှိသည်။ ကျောင်းများ၊ ဆေးရုံများ၊ဘာသာရေး အဆောက်အအုံများနှင့် အရပ်သားများ နေထိုင်ရာဒေသများအပေါ် အကြိမ်ကြိမ်တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းသည် စစ်ရေးပစ်မှတ် ခွဲခြားခြင်း မရှိသောတိုက်ခိုက်မှုများကို တားမြစ်ပြီး အရပ်သားပိုင် အဆောက်အအုံများကို အကာအကွယ် ပေးထားသည့် အပိုဒ် ၅၁ နှင့် ၅၂ တို့ကို ချိုးဖောက်နိုင်သည့် အခြေအနေများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နေရာများအပေါ် တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ (Customary International Humanitarian Law) နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု မူဘောင်များအောက်တွင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အာမခံ ချက်များကို လျော့နည်းစေသည်။

စုံစမ်းတွေ့ရှိချက်များအရ အဆိုပါဖြစ်ရပ်များသည် UDHR အပိုဒ် ၃ တွင် ဖော်ပြထားသော အသက်ရှင်နေထိုင်ခွင့်နှင့်CRC အပိုဒ် ၆ နှင့် ၃၈ တို့အရ ကလေးသူငယ်များအတွက် အာမခံထားသော အကာအကွယ်များကို ချိုးဖောက်နိုင်သည့်အခြေအနေများ ဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်။ ထို့ပြင် တိုက်ခိုက်မှုများ၏ အတိုင်းအတာ၊ အကြိမ်ရေနှင့်စနစ်တကျ ကျူးလွန်သည့် သဘောသဘာဝ တို့ကြောင့် အဆိုပါလုပ်ရပ်များသည် Rome Statute အပိုဒ် ၇ နှင့် ၈ အရ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်သည့် စိုးရိမ်ဖွယ်ရာအခြေအနေများကို ဖော်ပြလျက်ရှိသည်။

ဤအစီရင်ခံစာအရ လေကြောင်းတိုက်ခိုက်မှုများသည် သီးခြားဖြစ်ရပ်များ မဟုတ်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆိုးရွားသောအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည့် စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသော စစ်ရေးမဟာဗျူဟာတရပ်အဖြစ် တဖြည်းဖြည်း ပြောင်းလဲလာကြောင်း ကောက်ချက်ချနိုင်သည်။ ဤအစီရင်ခံစာတွင်တင်ပြထားသော အထောက်အထားများအရ အရပ်သားများ၏ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရေး၊ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်ရေး စွမ်းရည်ကို ကန့်သတ်နိုင်ရေး၊ တာဝန်ခံမှုဆိုင်ရာ ယန္တရားများကို ပိုမိုခိုင်မာအားကောင်းစေရေးနှင့် ထိခိုက်နစ်နာခဲ့သော လူမှုအသိုင်းအဝန်းများအတွက် တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်များကိုပံ့ပိုးနိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝန်း၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့်အရေးယူမှုများကို လိုအပ်လျက်ရှိကြောင်း ဖော်ပြနေသည်။ နိုင်ငံတကာမှ ထိရောက်သောအရေးယူမှုများကို မချမှတ်နိုင်ပါက မြန်မာနိုင်ငံတဝှမ်းရှိအရပ်သားပြည်သူများသည် မြေပြင်စစ်ကြောင်းနှင့် လေကြောင်းတို့မှ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ထိခိုက်ခံစားရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရဦးမည် ဖြစ်သည်။

နိဒါန်း

အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန (MOHR) သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို သုတေသနပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန သည် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဒေသများ၌ ဖြစ်ပွားလျက်ရှိသောအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုများနှင့် သက်ဆိုင်သော အချက်အလက်အထောက်အထားများကို စနစ်တကျ စုဆောင်းခြင်း၊ အတည်ပြုစိစစ်ခြင်းနှင့် လုံခြုံစွာသိမ်းဆည်းခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ လူ့အခွင့်အရေးချိုး ဖောက်မှုဖြစ်စဉ် တခုချင်းစီကို မှတ်တမ်းတင်ခြင်းအပြင် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် သည် နိုင်ငံတကာအသိုင်းအဝန်း၊ အစိုးရများ၊ ကုလသမဂ္ဂယန္တရားများနှင့်အခြားသော တာဝန်ခံမှုဆိုင်ရာ အဖွဲ့အစည်းများအတွက် သက်ဆိုင်ရာခေါင်းစဉ်အလိုက် လူ့အခွင့်အရေး အစီရင်ခံစာများ နှင့် သုံးသပ်ချက်အခြေပြု အစီရင်ခံတင်ပြချက်များကို ပုံမှန်ထုတ်ပြန်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်း အားဖြင့်နိုင်ငံတကာမှ အာရုံစိုက်မှုရှိလာစေပြီး အချက်အလက်များအပေါ်မူတည်ကာ တိုက်တွန်း နှိုးဆော်ခြင်းများလည်းရှိလာစေရန်နှင့် အနာဂတ်တရားမျှတမှုဖော်ဆောင်ရာ၌ သော်လည်းကောင်း တာဝန်ခံမှုတာဝန်ယူမှု ရှိစေရန်သော်လည်းကောင်း အထောက်အကူပြုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက်တွင် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် နယ်မြေထိန်းချုပ်မှုကို ပြန်လည်ရယူရန်၊ တော်လှန်ရေး အင်အားစုများကို ဖိနှိပ်ရန်နှင့် အရပ်သားပြည်သူများအားကြောက်ရွံ့စေရန်အတွက် လေကြောင်း အင်အားကို အဓိက စစ်ရေးဗျူဟာတစ်ရပ်အဖြစ် ပိုမိုအသုံးပြုလာခဲ့သည်။လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ စုဆောင်းရရှိထားသော အထောက်အထားများအရ အဆိုပါ စစ်ဆင်ရေးများသည် စနစ်တကျကျူးလွန်သော အကြမ်းဖက်မှုပုံစံများအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာကြောင်း တွေ့ရှိရပြီး အထူးသဖြင့် မန္တလေး ၊စစ်ကိုင်း၊ မကွေး နှင့် ပဋိပက္ခဒဏ်သင့်ဒေသများတွင် မြေပြင်စစ်ကြောင်းထိုးခြင်း မစတင်မီ လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်လေ့ရှိသည်ကို မကြာခဏ တွေ့မြင်ရသည်။ အကြမ်းဖက်စစ်အုပ်စုသည် ဒေသခံတော်လှန်ရေးအင်အားစုများကို အားနည်းစေရန်၊ ပြည်သူများအား အတင်းအကြပ် နေရပ်စွန့်ခွာစေရန်နှင့် နယ်မြေများကို ပြန်လည်ထိန်း ချုပ်နိုင်ရန်အတွက် ဒရုန်းများ၊ ပါရာမော်တာများ၊ တိုက်လေယာဉ်များ အသုံးပြုသည့်အပြင် လက်နက်ကြီးများ နှင့် မြေပြင်စစ်ကြောင်းများဖြင့် ပူးတွဲတိုက်ခိုက်လာသည်ကိုတွေ့ရသည်။ အဆိုပါ စစ်ဆင်ရေးနည်းလမ်းများသည် စစ်ရေးအသာစီးရရှိရေးကို ဦးတည်သည့် မဟာဗျူဟာတရပ်၏ အစိတ်အပိုင်းအဖြစ် တွေ့မြင်ရကာ အကျိုးဆက်အနေဖြင့်အရပ်သားပြည်သူများသည် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ အိုးအိမ်စွန့်ခွာရမှုများနှင့် အရပ်သားပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပိုမိုကြုံတွေ့နေရသည်။

လေကြောင်းအင်အားသည် အကြမ်းဖက်စစ်အုပ်စုအတွက် အရေးပါဆုံးသော စစ်ရေးအားသာချက် များအနက် တခုအဖြစ် တည်ရှိနေသည်။ သို့ရာတွင် လေကြောင်းစစ်အင်အားကို အသုံးပြု တိုက်ခိုက် ခြင်းကြောင့် အရပ်သားပြည်သူများ သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရမှုများအပြင် နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများသည်လည်းကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှုများနှင့်ဆက်တိုက် လုပ်ဆောင်သည့် အခြေအနေများကြည့်ခြင်းအားဖြင့် စစ်ရေးရည်မှန်းချက်များကို ဦးစားပေး ဆောင်ရွက်နေပြီး အရပ်သားများ၏ လုံခြုံရေးကိုမူ ကာကွယ်ပေးရန်လျစ်လျူရှုထားသည့် အခြေ အနေကိုတွေ့မြင်ရသည်။ လူ့အခွင့်အရေးဝန်ကြီးဌာနမှ စိစစ်အတည်ပြုထားသော အချက်အလက်များအရ လက်ရှိအချိန်အထိ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၅,၅၀၀ ကျော်နှင့် တိုက်ခိုက်မှုအကြိမ်ရေ စုစုပေါင်း ၁၂,၀၀၀ ခန့်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ သို့ရာတွင်ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် သတင်းအချက်အလက် ရယူနိုင်မှု အကန့်အသတ်များနှင့် ဆက်သွယ်ရေးအခက်အခဲများ ရှိနေသည့်အတွက် အဆိုပါ ကိန်းဂဏန်းများသည် မြေပြင်တွင် အမှန်တကယ် ဖြစ်ပွားနေသောတိုက်ခိုက်မှုအတိုင်းအတာကို အပြည့်အဝ ဖော်ပြနိုင်ရန် အားနည်းနေသေးသည်။

ဤအစီရင်ခံစာတွင်ဖော်ပြသော "လေကြောင်းတိုက်ခိုက်မှု" ဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်၊ ဒရုန်းနှင့် အခြားလေကြောင်းစနစ်များမှ ဗုံးကြဲခြင်း၊ လက်နက်များဖြင့်ပစ်ခတ်ခြင်း (သို့မဟုတ်) မြေပြင်ပစ်မှတ်များကို တိုက်ရိုက်ပစ်ခတ်ခြင်းဟုဆိုလိုသည်။ "အရပ်သားများ" ဆိုသည်မှာ စစ်တပ်၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းမရှိဘဲ တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ဆောင် ရွက်နေခြင်း မရှိသော ပြည်သူများကို ရည်ညွှန်းသည်။ "ပဋိပက္ခဒဏ်သင့်ဒေသ" ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများ၊ စစ်ရေးလှုပ်ရှားမှုများ (သို့မဟုတ်) လုံခြုံရေးမတည်ငြိမ်မှုများကိုကြုံတွေ့ နေရပြီး အရပ်သားပြည်သူများ၏ အသက်အိုးအိမ်နှင့် လုံခြုံရေးကို ခြိမ်းခြောက်ခံနေရသော ဒေသများကိုဆိုလိုသည်။

အာချက်အလက်မှတ်တမ်းတင်ခြင်း နှင့် သုတေသနဆိုင်ရာ နည်းစနစ်

လူ့အခွင့်အရေးချိုးဖောက်မှုနှုန်းမြင့်တက်လာခြင်းကို တုန့်ပြန်ဆောင်ရွက်နိုင်ရန်အတွက် လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန ၏ မှတ်တမ်းနှင့် သုတေသနဌာန မှ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကို နေ့စဉ် စနစ်တကျ မှတ်တမ်းတင်နိုင်ရန် အချက်အလက်မှတ်တမ်းတင်ရေး ယန္တရားတရပ်ကို ဆောင်ရွက်ခဲ့သည်။ ထိုမှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင်သတင်းမီဒီယာအရင်းမြစ်များကို အဆက်မပြတ် စောင့်ကြည့်လေ့လာ ခြင်းနှင့် ပဋိပက္ခသက်ရောက်ရာဒေသများတွင်တာဝန်ထမ်းဆောင် နေသော လူ့အခွင့်အရေးဆိုင်ရာ တာဝန်ခံများမှ စိစစ်အတည်ပြုထားသည့် အချက်အလက်များကိုစုဆောင်းခြင်းတို့ပါဝင်သည်။ စုဆောင်း ရရှိသည့် ဖြစ်စဉ်မှတ်တမ်းများအားလုံးကို ဖြစ်စဉ်အမှု ကိစ္စများအားလုံး တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် အချက်အလက်၏ တိကျမှန်ကန်မှု၊ လက်လှမ်းမီစွာအသုံးပြုနိုင်မှုနှင့် ရေရှည်ထိန်းသိမ်းနိုင်မှုတို့ရှိ စေရန် UWAZI ဒေတာဘေ့စ်စနစ်အတွင်း လုံခြုံစွာ မှတ်တမ်းတင်၍ သိမ်းဆည်းထားလျက်သည်။
သက်သေအထောက်အထား ခိုင်မာအားကောင်းစေရန် ဖြစ်စဉ်များ မှ အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများကို အင်တာဗျူးများ ပြုလုပ်ထားပြီး၊ အင်တာဗျူးအသံမှတ်တမ်းများကို စာဖြင့် ပြန်လည်ရေးသားခြင်း၊ စိစစ်အတည်ပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို မှတ်တမ်းတင်ရေး လုပ်ငန်းစဉ် အတွင်း စနစ်တကျ ဆောင်ရွက်ထားပါသည်။ထို့အပြင် စိစစ်အတည်ပြုထားသည့် ဖြစ်စဉ်အမှုကိစ္စများကို အနာဂတ်တွင် တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအတွက် အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (Independent Investigative Mechanism for Myanmar – IIMM) သို့ ပေးပို့လျက်ရှိသည်။ ဤအစီရင်ခံစာ ထုတ်ပြန်သည့်အချိန် အထိ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန သည် တရားစီရင်ရေးနှင့် တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြစ်စဉ် စုစုပေါင်း ၅၅၆ ခုကို ပြင်ဆင်၍ တင်သွင်းထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများအား ခြုံငုံသုံးသပ်ချက်

မှတ်တမ်းတင်ထားရှိသော တွေ့ရှိချက်များအရ လေကြောင်းတိုက်ခိုက်မှုများကြောင့် အသက် (၁၈) နှစ် အောက် ကလေးသူငယ်များ (၇၆၀) ဦးခန့် အပါအဝင် ပြည်သူ (၅,၇၀၀) ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ကလေးငယ် (၁,၀၉၅) ဦး အပါအဝင် ပြည်သူ (၉,၅၀၀) ကျော် ထိခိုက်ဒဏ်ရာများစွာ ရရှိခဲ့ကြသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အများအပြားတွင် ထိခိုက်နစ်နာသူများသည် အသက်ဆုံးရှုံးစေနိုင်သည့် အထိ ပြင်းထန်သော ဒဏ်ရာများ၊ ကြီးလေးသော စိတ်ဒဏ်ရာများ ဖြစ်ပေါ်စေသည့် ကိုယ်လက်အင်္ဂါ ဖြတ်တောက်ရခြင်းများ အပါအဝင် ပေါက်ကွဲစေသည့် လက်နက်များကြောင့် ပြင်းထန်ဒဏ်ရာများစွာ ခံစားခဲ့ကြ ရသည်။ တိုက်ရိုက် သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရခြင်းများ သာမက လေကြောင်းတိုက်ခိုက်မှုများကြောင့် တသန်းနှင့် အထက် ရှိသော ပြည်သူများမှာ နေရပ်စွန့်ခွါ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဤမှတ်တမ်း အချက်အလက်များအား ထိန်းသိမ်းထားရန်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုစနစ်ကို တိုးမြှင့် ဖော်ဆောင်နိုင်ရန်၊ သက်သေအထောက်အထား ခိုင်မာမှုကို အခြေပြုသည့် လှုံ့ဆော်မှုများကို အားကောင်း စေရန်နှင့် အနာဂတ်တွင် တာဝန်ခံမှု ယန္တရားများအတွက် အထောက်အကူပြုနိုင်ရန် မရှိမဖြစ် အရေးကြီး လျက်ရှိပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနသည် အတည်ပြုစစ်ဆေးပြီးသော တွေ့ရှိချက်များကို နိုင်ငံတကာ မီတ်ဖတ်အဖွဲ့အစည်းများနှင့် မျှဝေလျက်ရှိပြီး မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အသိပညာပေးမှု မြှင့်တင်ရန်နှင့် နိုင်ငံတကာမှ ညှိနှိုင်းဆောင်ရွက် သော အရေးယူဆောင်ရွက်မှုများကို ပိုမိုဖော်ဆောင်နိုင်စေရန် တိုက်တွန်းလျက်ရှိသည်။

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတဝှမ်းရှိ လေကြောင်းမှတဆင့် အကြမ်းဖက်မှုများ၏ ကြိမ်ဝရုန်းများနှင့် အတိုင်းအတာများ တိုးပွားလာမှုများအပေါ် ပြန်လည်တုံ့ပြန်နိုင်စေရန် (၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လေကြောင်းတိုက်ခိုက်မှုများကို စနစ်တကျ မှတ်တမ်းပြုစုခဲ့သည်။

ထိုအချိန်မှစ၍ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ မှတ်တမ်းနှင့် သုတေသနဌာန သည် ဖြစ်စဉ်တခု စီအား လေကြောင်း ပုံစံအနေအထားနှင့် အသုံးပြုသော လက်နက်အမျိုးအစားများ၊ အရပ်သားပြည် သူများ၏ ထိခိုက်ဒဏ်ရာရမှုများ၊ အရပ်သားပိုင်ဆိုင်မှုများ ပျက်စီးခြင်းများနှင့် ရွှေ့ပြောင်းနေထိုင်ရသော ပုံစံအမျိုးအစားများ အပါအဝင် အသေးစိတ် အချက်အလက် စုဆောင်းခဲ့ခြင်းဖြစ်သည်။ ဤသက်သေ မှတ်တမ်းများသည် အကြမ်းဖက်စစ်အစိုးရ ၏ လေကြောင်းစစ်ရေးလှုပ်ရှားမှုမှ နည်းဗျူဟာများနှင့် စစ်ဆင်ရေးပုံစံများအား မြင်သာစေရန် အထောက်အကူပြုလျက်ရှိသည်။

မှတ်တမ်းတင်နိုင်ခဲ့သော အချက်အလက်များအရ စစ်ကိုင်းသည် လေကြောင်းတိုက်ခိုက်မှုကို အမြင့်ဆုံး အာရုံစိုက်ခံရသည့် ဒေသဖြစ်၍ မန္တလေး နှင့် မကွေးတို့တွင်လည်း မြင့်မားလျက်ရှိရုံသာမက ရခိုင်တွင် လည်း သိသာထင်ရှားသော ဖြစ်ရပ်များစွာကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အရေးကြီးသည့် မှတ်တမ်း အချက်အလက်များအနေဖြင့် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် ပဋိပက္ခဖြစ်ပွားရာ စစ်မြေပြင် ဒေသများကို ဦးတည်ခြင်းထက် ကျော်လွန်၍ အရပ်သားပြည်သူများ နေထိုင်ရာဒေသများနှင့် ကာကွယ်ပေး ရမည်ဖြစ်သော အရပ်သားအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘာသာရေး ဆိုင်ရာ နေရာများ၊ နေအိမ်များနှင့် အများပြည်သူပိုင်နေရာများကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ မြေမျက်နှာသွင်ပြင်အနေအထား ဖြန့်ကျက်မှုနှင့် အထပ်ထပ် အခါခါ ပစ်မှတ်ထား တိုက်ခိုက်မှုပုံစံများအရ လေကြောင်းတိုက်ခိုက်မှုများမှာ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများအတွက်သာမက ဖိအားပေးခြင်း၊ ခြိမ်းခြောက်အကြောက်တရားဖြန့်ဝေခြင်းနှင့် နယ်မြေထိန်းချုပ်နိုင်စေခြင်း တို့အတွက် ပိုမိုကျယ်ပြန့်သော နည်းဗျူဟာများအနေဖြင့် အသုံးချနေခြင်း ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ စစ်မြေပြင်တွင် စစ်သားများ တိုက်ရိုက်ထိတွေ့ ရင်ဆိုင်ရခြင်းများမှ လျော့နည်းစေပြီး အကွာအဝေးတခုမှ ထိန်းချုပ်နိုင်သည့် လေကြောင်းစစ်ဆင်ရေးသည် အကြမ်းဖက်စစ်အစိုးရ၏ စစ်ရေးဗျူဟာတွင် အဓိက အခန်းကဏ္ဍတခု ဖြစ်လာခဲ့သည်။ သို့သော်လည်း ဤနည်းဗျူဟာသည် အရပ်သားပြည်သူများအတွက် ပြင်းထန်သောလူသား ချင်း စာနာထောက်ထားမှု ဆိုင်ရာ အကျိုးဆက်များစွာကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထပ်တလဲလဲပြုလုပ်နေ သော လေကြောင်းတိုက်ခိုက်မှုများသည် မရှိမဖြစ် အရေးပါသော အရပ်သားအဆောက်အအုံများကို ပြိုပျက်စေခြင်း၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအား ဖျက်ဆီးခြင်း၊ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်ရေးနေရာများအား ပျက်စီးစေခြင်းနှင့် များစွာသော အရပ်သားပြည်သူများအား ထိခိုက် ဒဏ်ရာရရှိစေခြင်း၊ အိုးအိမ်မဲ့များအဖြစ် နေရပ်စွန့်ခွါ တိမ်းရှောင်ကြရခြင်းများ ဖြစ်ပေါ်စေလျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှု ကြိမ်နှုန်းများ၊ နယ်မြေ ကျယ်ပြန့်ချဲ့ထွင်မှုများနှင့် ပိုမိုပြင်းထန်လာသော တိုက်ခိုက်မှုများအရ တော်လှန်ရေးအင်အားစုများ လွှမ်းမိုးရာဒေသများအား နယ်မြေစိုးမိုးမှုရရှိနိုင်စေရန်၊ ထိုဒေသများ၌ နေထိုင်သော ပြည်သူလူထုများအပေါ် ထိန်းချုပ်နိုင်စေရန်နှင့် အကြမ်းဖက်ဖိနှိပ်ရန်အတွက် လေတပ်စွမ်းအားများကို အဓိကယန္တရားတရပ်အဖြစ် ပိုမိုအားထားအသုံးပြုလာနေကြောင်း ဖော်ပြနေ ပါသည်။

လေကြောင်းတိုက်ခိုက်မှုလမ်းကြောင်းပုံစံများနှင့် အသုံးချသော လက်နက်အမျိုးအစား များ

မှတ်တမ်းတင်နိုင်ခဲ့သော သက်သေ အထောက်အထားများအရ အကြမ်းဖက်စစ်အုပ်စုသည် လေကြောင်း တိုက်ခိုက်မှု လမ်းကြောင်းများစွာကို အသုံးပြုလျက်ရှိပြီး တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ၊ ပါရာမော်တာများ(Paramotors)နှင့် ဂျိုင်ရိုကော်ပတာများ (Gyrocopters)လည်း အပါအဝင် ဖြစ်သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှု လမ်းကြောင်းများကို အရပ်သားပြည်သူများ နေထိုင်ရာဒေသ များတလျှောက်သို့ ပေါက်ကွဲစေနိုင်သည့် လက်နက်ခဲယမ်းများနှင့် လေကြောင်းမှ ပစ်ချသည့် စစ် လက်နက်များ အသုံးပြု၍ တိုက်ခိုက်နေခြင်းဖြစ်သည်။ ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကို ကြီးမားပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများနှင့် တိုက်ရိုက် ပစ်ခတ်တိုက်ခိုက်မှုများတွင် အများဆုံး အသုံးပြုလေ့ရှိပြီး ထိုကဲ့သို့ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် အရပ်သားအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခြင်းများနှင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံးမှုနှုန်းများ မြင့်တက်လာလျက်ရှိသည်။

ဒရုန်းများကို လွယ်ကူစွာအသုံးပြုနိုင်မှု၊ ပြောင်းလဲလွယ်မှု၊ ရွှေ့ပြောင်းလွယ်မှုနှင့် စစ်ဆင်ရေး ကုန်ကျစရိတ် လျော့နည်းမှုတို့ကြောင့် စောင့်ကြည့်လေ့လာရေး၊ ပစ်မှတ်နေရာများအား ဦးတည်တိုက်ခိုက်ရေးနှင့် စစ် ဘက်ဆိုင်ရာ ထောက်ပံ့ရေးများတွင် တွင်ကျယ်စွာ အသုံးပြုလာခဲ့သည်။ စက်တပ်လေထီး (ပါရာ မော်တာ)များ နှင့် လေယာဉ်ငယ် (ဂျိုင်ရိုကော်ပတာ)များအား အသုံးပြုမှုမှာ အခြားပုံစံများထက် လျော့နည်းသော်လည်း နှောင်းပိုင်းစစ်ဆင်ရေးများတွင် များစွာ အသုံးပြုလာခြင်းကြောင့် စစ်အစိုးရ၏ ကုန်ကျစရိတ် နည်းပါးသော လေကြောင်းတိုက်ခိုက်မှုစနစ်တခုအနေဖြင့် ပြောင်းလဲလာခြင်းအား သိသာစွာ မြင်သာစေသည်။

ဥပမာအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေး၊ တောင်သာမြို့နယ်ရှိ စာသင်ကျောင်းတကျောင်းအား ဂျက်တိုက်လေယာဉ်ဖြင့် ကနဦး လေကြောင်းတိုက်ခိုက်ခဲ့ပြီးနောက် စက်တပ်လေထီး (ပါရာမော်တာ)ဖြင့် ပေါက်ကွဲစေသည့် လက်နက်များအား ပစ်မှတ်ထား ကြဲချတိုက်ခိုက်ခဲ့ရာ ပညာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းနှင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ဖြစ်စေခဲ့သည်။ အလားတူ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် နွားထိုးကြီးမြို့နယ်အတွင်းမှ ရွာများကြားရှိ ဒေသများသို့ လေယာဉ်ငယ် (ဂျိုင်ရိုကော်ပတာ)များကို အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဘုရားတဆူနှင့် ဘုန်းကြီးကျောင်းဝင်းတခု ထိခိုက်ပျက်စီးခဲ့ရသည်။

လေကြောင်းတိုက်ခိုက်မှု လမ်းကြောင်းများစွာအား စစ်ဆင်ရေးတခုအတွင်း အသုံးပြုနေခြင်းသည် ပူးပေါင်းတိုက်ခိုက်မှု ပုံစံများနှင့် လေကြောင်းစနစ်တခုမှ ကွဲပြားသော နည်းဗျူဟာများကို ညွှန်ပြနေသည်။ ဤသို့ ဆင့်ကဲပြောင်းလဲမှုသည် အရပ်သားများနှင့် အရပ်သားပိုင် အဆောက်အအုံများအား အန္တရာယ်များသိသိသာသာ တိုးပွားနေလျက်ရှိကာ တိုက်ခိုက်မှုများမှ နယ်မြေရောက်ရှိမှုနှင့် စစ်ဆင်ရေးကြိမ်နှုန်းများသည်လည်း တိုးမြင့်လျက်ရှိနေသည်။ လေကြောင်းတိုက်ခိုက်မှု လမ်းကြောင်းအမျိုးမျိုးအား အသုံးပြုခြင်းအပေါ် ပိုမိုမှီခိုလာခြင်းကြောင့် အရပ်သားများအား ဖိနှိပ်စေနိုင်ရန်နှင့် နယ်မြေထိန်းချုပ်နိုင်စေရန် ရည်ရွယ်သော ကျယ်ပြန့်သည့် စစ်ရေးနည်းဗျူဟာများအတွင်း လေကြောင်းအင်အားမှာ အထူးပါဝင်နေကြောင်း ဖော်ပြနေသည်။

လေကြောင်းတိုက်ခိုက်မှုပုံစံများ

မှတ်တမ်းအချက်အလက်များအရ အထူးသဖြင့် ပူပြင်းခြောက်သွေ့ရာ ဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့ရှိ အရပ်သားများ နေထိုင်ရာ ဒေသများသို့ ပစ်မှတ်ထား တိုက်ခိုက်သော လေကြောင်းအကြမ်းဖက်မှု ပုံစံများကို ပြသလျက်ရှိသည်။ မြေပြင်တိုက်ခိုက်မှုများ မစတင်မီတွင် အကြမ်းဖက်စစ်တပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများကို ဒရုန်းများနှင့် ဂျက်တိုက်လေယာဉ်များ အသုံးပြု၍ ဆောင်ရွက်ပြီးနောက် ရွာများသို့ လက်နက်ကြီးအမြောက်များနှင့် ပစ်ခတ်ခြင်း တပ်ဖွဲ့များမှ ကျူးကျော်ဝင်ရောက်ခြင်းများဖြင့် ဆက်လက်တိုက်ခိုက်လေ့ရှိသည်။ ဤနည်းဗျူဟာများသည် အရပ်သားများအား အတင်းအကြပ် နေရပ်စွန့်ခွာ တိမ်းရှောင်စေရန်၊ ဒေသတွင်း တော်လှန်ရေးစနစ်များ အားနည်းစေရန်နှင့် စစ်ကြောင်းချီတက်ချိန်တွင် စစ်တပ်ဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုများကို လျှော့ချနိုင်စေရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။


၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် လူအခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ပြုလုပ်ခဲ့သော အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ဆွေးနွေးချက်များသည်လည်း ဤလေ့လာတွေ့ရှိမှုများအား ထောက်ခံလျက်ရှိသည်။ ထို့အပြင် မန္တလေးရှိ လူအခွင့်အရေးတာဝန်ခံများထဲမှ တဦးက မြေပြင်စစ်ကြောင်းများ မတိုင်မီတွင် ပူးပေါင်းဆောင်ရွက်သော လေကြောင်းတိုက်ခိုက်မှု ပုံစံများသည် ပိုမို၍ ကြုံတွေ့လာရသော ပုံစံများဖြစ်ကြောင်း အစီရင်ခံတင်ပြခဲ့သည်။ အချက်အလက် မှတ်တမ်းများအရ လေကြောင်းတိုက်ခိုက်မှုများ၏ (၈၀) ရာခိုင်နှုန်းနှင့် အထက်သည် စစ်မြေပြင်နေရာမဟုတ်သော အရပ်သားပြည်သူများ နေထိုင်ရာ ဒေသများသို့ ပစ်မှတ်ထားခဲ့ခြင်း ဖြစ်ကြောင်း ထပ်မံညွှန်ပြနေသည်။

အချက်အလက်များအရ စက်တပ်လေထီး (ပါရာမော်တာ)များ နှင့် လေယာဉ်ငယ် (ဂျိုင်ရိုကော်ပတာ)များ ပါဝင်သော လေကြောင်းတိုက်ခိုက်မှုများသည် အများအားဖြင့် အရပ်သားများ အနားယူအိပ်စက်လျက်ရှိသည့် ညနက်အချိန်များနှင့် နံနက်အစောပိုင်းအချိန်များတွင် ပြုလုပ်လေ့ရှိသဖြင့် ထိခိုက်မှုကို မြင့်တက်စေကြောင်းလည်း တွေ့ရသည်။ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ အထူးသဖြင့် ဒေသတွင်းစစ်ဘေးရှောင်ပြည်သူများ ခိုလှုံရာ ဘုန်းကြီးကျောင်းများသည် တိုက်ခိုက်မှုများ၏ ပိုမိုပစ်မှတ်ထားခံလာရသည်။ မှတ်တမ်းကောက်ယူနိုင်ခဲ့သော ဖြစ်စဉ်တခုအနေဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပဲခူး၊ ညောင်လေးပင်မြို့နယ်တွင် အကြမ်းဖက်စစ်တပ်မှ ရွာများသို့ စစ်ကြောင်းထိုးရာ၌ အရပ်သားများစွာအား လူသားဒိုင်းအနေဖြင့် အသုံးချခဲ့သည်။ စစ်ဆင်ရေးကာလအတွင်းတွင် ဒေသတွင်း စစ်ဘေးရှောင်ပြည်သူများ ခိုလှုံရာ ဘုန်းကြီးကျောင်းသို့ ဦးတည်ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်ခဲ့ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အရပ်သား (၂၆) ဦး သေဆုံးခဲ့သည်။ (ပုံ (၁) တွင် လေကြောင်းတိုက်ခိုက်မှုမှတ်တမ်းဓာတ်ပုံ ပြသထားသည်။)



ပုံ (၁): ဘုန်းကြီးကျောင်းအတွင်းမှ ထိခိုက်ဒဏ်ရာရရှိထားသော စစ်ရှောင်အရပ်သားများ

မှတ်တမ်းတင်ထားသော ဖြစ်စဉ်များ၏ တည်နေရာအလိုက် မြေပုံရေးဆွဲလေ့လာမှု (ပုံ ၂) သည်လည်း လေကြောင်းတိုက်ခိုက်မှုများသည် အကြမ်းဖက်စစ်တပ်၏ ထိန်းချုပ်မှု အားနည်းလာသော ဒေသများတွင် အဓိက စုစည်းဖြစ်ပွားနေကြောင်း ပြသနေပါသည်။ ယင်းအချက်က လေကြောင်းအင်အားကို အကြမ်းဖက်မှုနှင့် အရပ်သားပြည်သူများအား နေရပ်စွန့်ခွါစေခြင်းတို့မှတဆင့် နယ်မြေထိန်းချုပ်မှုကို ပြန်လည်တည်ဆောက်ရန် အသုံးပြုနေသည့် ပိုမိုကျယ်ပြန့်သော ပုံစံတရပ်အဖြစ် ရှိနေကြောင်း ညွှန်ပြနေပါသည်။



ပုံ (၂): အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုများအား ပြသသည့် မြေပုံ

လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းများ နှင့် ထိခိုက်ဒဏ်ရာရခြင်းများ

လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များအတွင်း ကြုံတွေ့ခဲ့ရသော သက်သေများအား အင်တာဗျူးမေးမြန်းခြင်းများနှင့် မှတ်တမ်းတင်ထားသော အထောက်အထားအချက်အလက်များအရ အရပ်သားများ နေထိုင်ရာ ဒေသများနှင့် ကာကွယ်ထားရှိရမည့် အရပ်သားအဆောက်အအုံများအား လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ညွှန်ပြနေသည်။ ကလေးသူငယ်များ စာသင်နေချိန်အတွင်း စာသင်ကျောင်းများအား ဗုံးကြဲခြင်း၊ စစ်ရှောင်ပြည်သူများ ခိုလှုံနေထိုင်ရာ ရွှေ့ပြောင်းနေထိုင်ရေး စခန်းများအား ဗုံးကြဲခြင်း၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ မင်္ဂလာပွဲများနှင့် ဘာသာရေးဆိုင်ရာ စုဝေးပွဲများ ကျင်းပရာနေရာများအား ဗုံးကြဲခြင်းများကို ထပ်ခါတလဲလဲ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှု ပုံစံများသည် အရပ်သားများ နေထိုင်ရာဒေသများကို ခွဲခြားခြင်းမရှိဘဲ လေကြောင်းအင်အားဖြင့် ပြင်းထန်စွာ တိုက်ခိုက်မှုများ ဖြစ်ပေါ်စေပြီး ထိုတိုက်ခိုက်မှုများမှ မြင်သာသော အသက်ဆုံးရှုံးမှုများ၊ အကြောက်တရား လွှမ်းမိုးလာမှုများနှင့် ဆိုးရွားသော ထိခိုက်မှုများ အရပ်သားများထံ၌ ပြင်းထန်စွာ ဖြစ်ပေါ်စေလျက်ရှိသည်။ စစ်ရေးပစ်မှတ်များမဟုတ်ဘဲ အရပ်သားပြည်သူများ နေထိုင်ရာဒေသများ ဖြစ်သည်ဟု ရှင်းလင်းစွာ မြင်သာနိုင်သော တည်နေရာများသို့ ထပ်တလဲလဲ ပစ်မှတ်ထား တိုက်ခိုက်မှုများသည် လေကြောင်းစစ်ဆင်ရေးများမှတဆင့် မြန်မာနိုင်ငံတဝှမ်းတွင် နက်ရှိုင်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များစွာ ဖြစ်ပေါ်စေခဲ့ကြောင်း ပြသနေသည်။

အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများ၏ ဖြစ်ရပ်များကို လေ့လာခြင်း

လေကြောင်းတိုက်ခိုက်မှုများမှ အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအရ အရပ်သားများနှင့် အရပ်သားပိုင် အဆောက်အအုံများအား လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြင်းထန်လေးနက်သော လူမှုဆင်းရဲဒုက္ခများ ခံစားရခြင်းများစွာနှင့် ရေရှည်အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေသည်။ လက်ယက်ကုန်း စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှု (ပုံ ၃) တွင် ဆရာမ ဒေါ်အေးမာဆွေမှ "လေယာဉ်က ၇၅ မိနစ်လောက်ကို ဆက်တိုက်ပစ်နေတာ။ သူတို့က ကျောင်းကိုပဲ ပစ်မှတ်ထားပြီးတော့ကို ပစ်ကြတာ။ အဲ့ဒီနောက် ကျောင်းဝန်းထဲကို စစ်သားတွေ ဝင်လာပြီး စက်သေနတ်တွေ၊ လက်နက်ကြီးတွေနဲ့ ပစ်တော့တာပဲ။ အဲ့ဒီအချိန်မှာ ကလေးတွေ အားလုံးတော့ သေကုန်တော့မှာပဲလို့ ကျွန်မတွေးလိုက်မိတာ" ဟု ပြန်လည်ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် အသက်ရှင်ကျန်ရစ်သူများအနက်မှ ကလေးငယ်တဦး၏ ပြောပြချက်အရ "မိန်းကလေးတယောက်ဆိုရင် သူ့ဗိုက်ကြီး ပေါက်ထွက်သွားပြီး အူတွေ ထွက်ကျလာတာ၊ နောက်ကလေးတယောက်ဆို ခေါင်းက လုံးဝကြေမွသွားတာ။ အဲ့ဒီကလေးမလေးလည်း အရမ်းကြောက်လွန်းလို့ နံရံပေါက ခုန်ချပြီး ဗုံးခိုကျင်းတခုထဲကို အမြန်ပြေးဝင်ပြီး ပုန်းနေခဲ့လိုက်တာ" ဟု ဆရာမထံမှ တဆင့်ပြန်လည်သိရှိရပါသည်။ ဤသက်သေထွက်ဆိုချက်များအရ လေကြောင်းတိုက်ခိုက်မှုများသည် ရုတ်ချည်းဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများသာ ဖြစ်စေသည်မဟုတ်ဘဲ ကလေးသူငယ်များ၊ ဆရာ/ ဆရာမများနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းများ အားလုံးမှ ကြုံတွေ့ခဲ့ရသည့် နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုပါ ဖြစ်စေကြောင်း ဖော်ပြလျက်ရှိသည်။



ပုံ (၃):လက်ယက်ကုန်း စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အပြီး တွေ့ရှိရသည့် ကျောင်းသားတဦး၏ သွေးစွန်းလျက်ရှိသော ပုံနှိပ်စာအုပ်၊ လေ့ကျင့်ခန်းစာအုပ်နှင့် လွယ်အိတ်များ



ပုံ (၄): အိုးထိန်းတွင်း စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အပြီး တွေ့ရှိသည့် ကျောင်းသားများ၏ သွေးစွန်းလျက်ရှိသောပစ္စည်းများ (Wiki: Oehteinkwin)

အလားတူ အိုးထိန်းတွင်း စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် (ပုံ ၄) မှ ဆရာမခိုင် (အမည်လွဲ)မှ ဖြစ်စဉ်အား ပြန်လည်ပြောကြားရာတွင် "ကလေးတွေရဲ့ ခန္ဓာကိုယ်တချို့ကို သစ်ပင်ကြီးတွေရဲ့ အောက်မှာ ကျွန်မတွေ့ရတယ်။ ဦးခေါင်းက ဘောလုံးကွင်းနား၊ တခြား ခြေလက်အစိတ်အပိုင်းတွေဆို တကျောင်းလုံး ပြန့်ကြဲနေတာပါပဲ" ဟု ဖော်ပြထွက်ဆိုခဲ့သည်။ အဆိုပါ သက်သေခံချက်များအရ ကလေးသူငယ်များနှင့် ပညာရေးဆိုင်ရာနယ်မြေများအား လေကြောင်းတိုက်ခိုက်မှုများသည် တိုက်ခိုက်မှုများအတွင်း ချက်ချင်းသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများနှင့်အတူ ရေရှည်အကျိုးဆက်များ အနေဖြင့် အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်ခဲ့ရသော လူမှုအဖွဲ့အစည်းတရပ်လုံးအတွက် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကိုပါ မမျှတစွာ ခံစားရစေသည်။



ပုံ (၅): မုန်လိုင်ခက်ရွာသို့ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အပြီး တွေ့ရှိရသော ရုပ်အလောင်းတခု





ပုံ (၆): ဘန်ကောက်ရွာ စစ်ရှောင်စခန်းအား လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်

ဘန်ကောက်ရွာ စစ်ရှောင်စခန်းအား လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်မှ ခန္ဓာကိုယ် အစိတ်အပိုင်းများ

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ကချင်ပြည်နယ်၊ မုန်လိုက်ခက်ရွာအနီးရှိ စစ်ရှောင်စခန်း အမှတ် (၂) (ပုံ ၅) အား လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သော ဒေသခံအမျိုးသမီးတဦးမှ "ကလေးတယောက်က အမှောင်ကြီးထဲကနေ မာတ်မီးလေး ထွန်းပြီး သူတယောက်ထဲ ဆက်တိုက်အော်နေတာ "မေမေရေ၊ ဖေဖေရေ" ဆိုပြီးတော့ အော်ငိုနေတာ၊ ဒါကို ကျွန်မတို့ လျစ်လျူမရှုနိုင်လို့ ကယ်ဖို့ သွားခဲ့ကြတယ်။ အဲ့ဒါကယ်ပြီးတော့ အမျိုးသမီးတဦးက ကယ်ဖို့ အော်နေတဲ့ အသံလည်း ကြားတယ်။ သူ့အပေါ်က မြေမှုန်တွေနဲ့ အပျက်အစီး အပိုင်းအစတွေကို ဖယ်လိုက်တော့ သူ့အောက်မှာ သူသားရှိသေးတယ်လို့ ပြောသေးတယ်" ဟု ဖြစ်စဉ်အား ပြန်လည်ပြောကြားခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာတွင် ဖယ်ခုံမြို့နယ်ရှိ ဘန်ကောက်ရွာစစ်ရှောင်စခန်း (ပုံ ၆) သို့ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အား စေတနာဝန်ထမ်းတဦး ဖြစ်သူ ဆရာဇော် (အမည်လွှဲ) မှ "ဗုံးတလုံးက စခန်းရဲ့ အလယ်ခေါင်တည့်တည့်ကို ကျတာ။ ဗုံးခိုကျင်းထဲ ပုန်းနေတဲ့ မိသားစု ၆ ဦးစလုံး ပွဲချင်းပြီး သေသွားတာပဲ" ဟု ဖော်ပြခဲ့သည်။

အဆိုပါ သက်သေထွက်ဆိုချက်များအရ အရပ်သားများ ထွက်ပြေးနိုင်ရန် သို့မဟုတ် ကာကွယ်နိုင်ရန် လုံလောက်သည့် အချိန်အရေးမရှိသော ညနက်အချိန်များတွင် စစ်ဘေးရှောင်၍ ပြောင်းရွှေ့ခိုလှုံရာ နေရာများသို့ တိုက်ခိုက်လေ့ရှိသဖြင့် အရပ်သားများ ထိခိုက်ဒဏ်ရာစေခြင်းနှင့် သေဆုံးစေခြင်းများ ပိုမိုတိုးများလာစေကြောင်း တွေ့ရှိရသည်။







ပုံ (၇): ပေါက်ခေါင်းမြို့နယ်အတွင်း မဂ်လာပွဲအခမ်းအနားတခုသို့ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်

အရပ်သားများ၏ လူမှုစုဝေးပွဲများနှင့် လူထုအသိုင်းအဝိုင်းအတွင်း ပွဲတော်များသည်လည်း လေကြောင်းအသုံးပြုကာ အကြမ်းဖက်တိုက်ခိုက်မှုများမှ ကင်းလွတ်ခဲ့ခြင်း မရှိကြောင်း သက်သေထောက်အထားများမှ ထပ်မံ၍ ဖော်ပြနေသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ပဲခူးဒေသ၊ ပေါက်ခေါင်းမြို့နယ်ရှိ ကြို့ပင်ဝိုင်းရွာ (ပုံ ၇)တွင် မင်္ဂလာအခမ်းအနားတခုအား လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ မျက်မြင်သက်သေ တဦးဖြစ်သော ဒေါ်ခင်ခင် (အမည်လွှဲ)မှ ဖြစ်စဉ်နှင့် ပတ်သတ်၍ "ဗုံးက မင်္ဂလာဆောင်အိမ်နဲ့ တော်တော်နီးနီးကို ကျတာ၊ အနီးအနားက အိမ်တွေလည်း အများကြီး ပျက်စီးကုန်တယ်။ ကိုဇော်က ပွဲလာတဲ့ ဧည့်သည်တွေကို ကြိုနေတဲ့အချိန်မှာ ပေါက်ကွဲသွားတာ ဆိုတော့ သူကတော့ ခေါင်းတွေရော၊ လက်တွေရော၊ ခြေထောက်တွေရော ပြင်းပြင်းထန်ထန်ကို ဒဏ်ရာရလိုက်တာပဲ။ မမိုးမိုးဝင်းကျတော့ အိမ်ထဲကနေ ထွက်မပြေးနိုင်လိုက်ဘူး၊ သူမရဲ့ လက်က ပြတ်ထွက်သွားပြီး ခန္ဓာကိုယ်အောက်ပိုင်းကလည်း ပြင်းပြင်းထန်ထန်ကို ဒဏ်ရာရလိုက်တာနဲ့ အဲ့ဒီနေရာမှာတင် ပွဲချင်းပြီး သေသွားတာပါပဲ" ဟု ပြန်လည် ဖြေကြားခဲ့သည်။ ဤဖြစ်စဉ်အရ အရပ်သားများ၏ အခမ်းအနားများနှင့် လူမှုရေးဆိုင်ရာ နေရာများအား အကြမ်းဖက်ရန် နေရာများအဖြစ် ပိုမိုဖော်ဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။ သာမန် ပဋိပက္ခ အခြေအနေများထက် ကျော်လွန်သော လေကြောင်းစစ်ဆင်ရေးများ၏ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကျိုးဆက်များသည် အရပ်သားများ သေဆုံးမှုများ၊ ဒဏ်ရာရမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်။

အရပ်သားအခြေခံအဆောက်အအုံများထိခိုက်ပျက်စီးမှု

လူအခွင့်အရေးဆိုင်ရာဝန်ကြီးဌာန မှ စုဆောင်းမှတ်တမ်းတင်ထားသည့် အထောက်အထားများအရ မြန်မာနိုင်ငံတဝန်းတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားအခြေခံ အဆောက်အအုံများ ကို ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးထိခိုက်စေခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုသည် ဒေသအများအပြားတွင် နယ်မြေထိန်းချုပ်မှု လျော့နည်း၊ ဆုံးရှုံးလာခြင်းကို အစားထိုးရန်အတွက် လေကြောင်းအင်အား အသုံးပြု၍ ပိုမိုတိုက်ခိုက်လာသည့်နည်းတူ အင်အားအလွန်အကျွံအသုံးပြုမှုမှာ ပိုမိုပြင်းထန်လာပြီး အရပ်သား သေဆုံး၊ ဒဏ်ရာရမှုနှင့် အခြေခံအဆောက်အအုံ ပျက်စီးမှုများလည်း ပိုမိုဖြစ်ပွားလာသည်။ ဂျက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်မှုများအပြင် ဒုံးကျည်များ၊ လက်နက်ကြီးများနှင့် လေကြောင်းပစ်ခတ်မှုများကို အသုံးပြု၍ တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ အချို့သောဖြစ်စဉ်များ၌ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ပြီး နောက် အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များကို အင်အားဖြည့်ချထားရန် အသုံးပြုခဲ့ခြင်းကြောင့် မြေပြင်၌ စစ်ရေးဖော်ဆောင်ရာများတွင် လျှင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အရပ်သားအခြေခံအဆောက်အအုံများ ပျက်စီးမှုသည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးထိခိုက်မှုထက် ကျော်လွန်ပြီး အရပ်သားများ၏ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် ခံနိုင်ရည်အားကိုလည်း သိသိသာသာ ထိခိုက်စေခဲ့သည်။ စစ်ရေးဖော်ဆောင်စဉ်အတွင်း ဘုရားကျောင်းများ၊ ကျောင်းများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ နေအိမ်များနှင့် အခြားအရပ်သားပိုင်ဆိုင်မှုများကို အကြိမ်ကြိမ် ထိခိုက်ပျက်စီး (သို့မဟုတ်) ဖျက်ဆီးခံခဲ့ရသည်။ အဆိုပါပျက်စီးသည့်နေရာများသည် အများပြည်သူဝန်ဆောင်မှုများ အတွက်သာမက အရပ်သားများကို ပဋိပက္ခဖြစ်စဉ်အတွင်း ပဋိပက္ခအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် ခိုလှုံနိုင်ရန်နေရာများအဖြစ်လည်း အသုံးပြုခဲ့ကြသည်။

မှတ်တမ်းတင်ထားသော အထောက်အထားများအရ လက်နက်ကိုင်တိုက်ပွဲများ မဖြစ်ပွားသည့် နေရာများတွင်ပင် တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပြီး၊ ၎င်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအရ ခွဲခြားသတ်မှတ်မှု (distinction) နှင့် အချိုးညီမှု (proportionality) စည်းမျဉ်းများကို လိုက်နာမှုရှိ/မရှိနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ မေးခွန်းများကို ဖြစ်ပေါ်စေသည်။ ထပ်ခါတလဲလဲ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ဒေသခံများ နေရပ်စွန့်ခွာမှု ပိုမိုရင်ဆိုင်နေရပြီး၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများလည်း ထိခိုက်မှုခံခဲ့ရကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ရေရှည် အန္တရာယ်များ ပိုမိုဆိုးရွားလာခဲ့သည်။ ထို့အပြင် ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အရေးပါသည့်နေရာများ ပျက်စီးထိခိုက်မှုကြောင့် ဒေသခံလူမှုအသိုင်းအဝိုင်း၏ အမှတ်သညာ၊ လူမှုသဟဇာတနှင့် ယဉ်ကျေးမှု အမွေအနှစ်များလည်း တဖြည်းဖြည်းလျော့နည်း ပျောက်ကွယ် လာစေခဲ့သည်။

အရပ်သားအခြေခံအဆောက်အအုံများအပေါ်တိုက်ခိုက်မှုဖြစ်စဉ်များကိုလေ့လာခြင်း

ဘာသာရေးအဆောက်အအုံများနှင့် ဝတ်ပြုရာနေရာများ

ဘာသာရေးအဆောက်အအုံများသည် သာမန်နေအိမ်များထက် ပိုမိုခိုင်ခံ့သော ပစ္စည်းများဖြင့် ဆောက်လုပ်ထားလေ့ရှိပြီးလက်နက်ကိုင်ပဋိပက္ခကာလအတွင်း အရပ်သားများအနေဖြင့် ပိုမိုလုံခြုံသည့် နေရာများအဖြစ် သတ်မှတ်ထားကြသည်။မြန်မာနိုင်ငံတဝှမ်းရှိ နေရပ်စွန့်ခွာသူများသည် ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ ဗလီများနှင့် အခြားဘာသာရေးအဆောက်အအုံများကိုမူ တမင်ရည်ရွယ်ချက်ထား ပစ်မှတ် မထားနိုင်ဟုယူဆကာ ၎င်းနေရာများသို့ လုံခြုံရေးအရ ခိုလှုံလေ့ ရှိကြသည်။ သို့သော် မှတ်တမ်းအထောက်အထားများအရ ဝတ်ပြုရာနေရာများနှင့် ဘာသာရေး အဆောက်အအုံများသည် လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်နေရာများအဖြစ် ပိုမိုဖြစ်လာနေကြောင်း တွေ့ရှိရသည်။ အဆိုပါတိုက်ခိုက်မှုများသည် လက်နက်ကိုင်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင်သာမက ဘာသာရေးအခမ်းအနားများနှင့် အများပြည်သူစုဝေးပွဲများ ကျင်းပနေစဉ်၌ အရပ်သားများ အများအပြားရှိနေသည့်အချိန်များတွင်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ ဤသို့သော တိုက်ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ အရပ်သားပိုင် အရာဝတ္ထုများနှင့် ဘာသာရေးဆိုင်ရာနေရာများကို ကာကွယ်ပေးရမည့် စည်းမျဉ်းများနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ဖွယ်ရာ ဖြစ်ပေါ်စေသည်။





ပုံ (၈): သီတင်းကျွတ်လပြည့်နေ့တွင် ဘုံတိုရွာ အခြေခံဓမ္မလတန်းကျောင်းအား ပါရာမော်တာဖြင့် တိုက်ခိုက်မှု

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ သီတင်းကျွတ်လပြည့်နေ့တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ဘုံတိုရွာ ၌ ဖြစ်စဉ်တခု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်စစ်တပ်၏ ရွေးကောက်ပွဲအစီအစဉ်ကို ဆန့်ကျင်သည့် ဖယောင်းတိုင်ထွန်း ဆန္ဒပြပွဲ ပြုလုပ်ရန် အရပ်သားများ စုဝေးနေသည့် မူလတန်းကျောင်းအနီးသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ရှိ ပါရာမော်တာများမှ ၁၂၀ မီလီမီတာ ဗုံး ၂ လုံး ကြဲချခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ကလေးများနှင့် ဆန္ဒပြရန်စီစဉ်သူများအပါအဝင် အရပ်သား ၂၁ ဦး သေဆုံးခဲ့ပြီး ၆၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူများအနက် အချို့မှာ ပြင်းထန်ဒဏ်ရာများနှင့် ကိုယ်အင်္ဂါပြတ်တောက်ကာ သေဆုံးခဲ့ကြရသည်။



ပုံ (၉): သင်္ကြန်အကြတ်နေ့တွင် ကမ်းနီရွာရှိ ဘုန်းကြီးကျောင်းအား လေကြောင်းတိုက်ခိုက်မှု

အခြားဖြစ်စဉ်တခုသည် ၂၀၂၅ ခုနှစ် ဧပြီလ ၁၅ ရက် သင်္ကြန်အကြတ်ကာလ တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ကမ်းနီရွာရှိ ဘုန်းကြီးကျောင်းဝင်း ကို YAK-130 လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် အရပ်သား ၆ ဦး သေဆုံးခဲ့ပြီး ဘုန်းကြီးများနှင့် သံဃာတော်များအပါအဝင် ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဤဖြစ်စဉ်များ တွင် ယဉ်ကျေးမှုအရ အရေးပါသည့်ကာလများအတွင်း အရပ်သားများ ခိုလှုံနေသည့် ဘုန်းကြီးကျောင်းများ နှင့် ဘာသာရေးနေရာများကို လေကြောင်းတိုက်ခိုက်မှုများ ပိုမိုဆောင်ရွက်သည့် အခြေအနေကို ဖော်ပြ နေသည်။

<u>စာသင်ကျောင်းနှင့် ပညာရေးဆိုင်ရာအဆောက်အအုံများ</u>

ပညာရေးဆိုင်ရာ အဆောက်အအုံများအပေါ် တိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်ထား သော ဖြစ်စဉ်များအနက်အဆိုးရွားဆုံး ဖြစ်ရပ်တစ်ခုမှာ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်း ကျေးရွာ ဖြစ်စဉ်ဖြစ်သည်။ ၂၀၂၂ ခုနှစ်စက်တင်ဘာလ၊ နေ့လယ် ၁ နာရီခန့်၌ ကလေးငယ်များ စာသင်ကြားနေစဉ် အကြမ်းဖက်စစ်အုပ်စုက ကျောင်းဝင်းအတွင်းသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ကလေးငယ် ၆ ဦး သေဆုံးခဲ့ပြီး၊ ကျောင်းသူ/သားများနှင့် အရပ်သား ၁၅ ဦးကို ဖမ်းဆီး ခေါ်ဆောင်ခံခဲ့ရသည်။ မှတ်တမ်းတင်ထားသော အချက်အလက်များအရတိုက်ခိုက်မှုအပြီး ပြုလုပ်ခဲ့သည့် နောက်ဆက်တွဲ ရာဇဖွစ်ဆေးမှုတွင် အကြမ်းဖက်စစ်တပ်အနေဖြင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင် များအား မတွေ့ရှိခဲ့ရဘဲ ကျောင်းသားများနှင့် ဒေသခံအရပ်သား များကိုသာ တွေ့ခဲ့ကြောင်းသိရသည်။ အကြမ်းဖက်စစ်တပ်သည် ဖမ်းဆီးခေါ်ဆောင်သွားသော ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များကို ဆေးဝါးကုသမှုပေးပြီးနောက် မိသားစုများထံ ပြန်လည် လွှဲပြောင်းပေးခဲ့သည်။ နောက်ထပ် ဖြစ်ရပ်တစ်ခုမှာ ၂၀၂၅ ခုနှစ် မေလတွင်ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နံနက် ၁၀ နာရီခန့်၊ စာသင်ချိန်အတွင်း ကျောင်းကိုပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အမျိုးသမီးဆရာမ ၂ ဦးအပါအဝင် ကျောင်းသားများနှင့် ဆရာ/ဆရာမ စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့ပြီး အခြားအရပ်သားပြည်သူ ပေါင်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည် (ပုံ ၁၀) ။အဆိုပါ ဖြစ်ရပ်များသည် ပညာရေးဆိုင်ရာ အဖွဲ့အစည်း များနှင့် ကလေးသူငယ်များအပေါ် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အလွန်စိုးရိမ်ဖွယ်ရှိသောအခြေအနေ များကို ဖော်ပြနေသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့်အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေအရ ကလေးသူငယ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများသည် အထူးကာ ကွယ်စောင့်ရှောက်မှု ရရှိသင့်သည့် အုပ်စုများနှင့် အဆောက်အအုံများဖြစ်သည်။



ပုံ (၁၀): လေကြောင်းတိုက်ခိုက်မှုဖြစ်ခဲ့သောအိုးထိန်တွင်းရွာ

စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများ၏ အကျိုးဆက်များသည် ချက်ချင်းမြင်သာသော သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကိုပင် ကျော်လွန်နေကြောင်းတွေ့ရသည်။ ပဋိပက္ခဒဏ်သင့် ဒေသများရှိ ကလေးသူငယ်များသည် လုံခြုံစိတ်ချရသော သင်ယူမှု ရပ်ဝန်းကို လက်လှမ်းမမီတော့ဘဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများနှင့် စိတ်ဖိစီးမှုများကိုလည်း ကြုံတွေ့ခံစားနေရသည်။
မှတ်တမ်းများအရ ကလေးသူငယ်များအတွက် ပညာသင်ကြားမှုနှင့် လုံဝဆက်စပ်မှုမရှိသော လေယာဉ် ပျံသံများသည်ကြောက်ရွံ့မှုနှင့် အသက်လုထွက်ပြေးတိမ်းရှောင်ရမည့် အန္တရာယ်သတိပေးသံအဖြစ် ပြောင်းလဲသွားခဲ့သည်။ ထို့ကြောင့်ကလေးအများအပြားသည် ပညာသင်ယူမှုထက် အသက်အန္တရာယ် ဘေးကင်းလုံခြုံရာသို့ ထွက်ပြေးနိုင်ရေးကို ဦးစားပေးနေရသည့် အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် စာသင်ကျောင်းများအပေါ် ထပ်တလဲလဲ လေကြောင်းတိုက်ခိုက်မှုများသည် ကျောင်းအဆောက်အအုံများကိုသာ ဖျက်ဆီးခြင်းမဟုတ်ဘဲ ပညာရေးဆက်လက်သင်ကြားနိုင်မှုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့ကို ထိခိုက်စေကာ မျိုးဆက်သစ်ကလေးသူငယ်များ၏ အနာဂတ် အခွင့်အလမ်းများကိုပါ ပြင်းထန်စွာ ထိခိုက်ပျက်စီးစေကြောင်းသိရှိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများသည်လည်း ကာကွယ်ထားရှိရမည့် အရပ်သားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများဖြစ်သည့်တိုင် လေကြောင်းတိုက်ခိုက်မှု များ၏ ပစ်မှတ်များအဖြစ် တိုးပွားလာခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည့် သက်သေအချက်အလက် များအရ ညွှန်ပြနေသည်။ အဆိုးရွားဆုံးသော ဖြစ်ရပ်တခုအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် ရခိုင်မှ မြောက်ဦးခရိုင် ပြည်သူ့ဆေးရုံသို့ အကြမ်းဖက်စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်း (ပုံ ၁၁) ဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူပေါင်း (၃၅) ဦး သေဆုံးပြီး ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မူစလင်ပြည်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများနှင့် ကုသမှု ခံယူလျက်ရှိသော လူနာများစွာ အပါအဝင် စုစုပေါင်း (၇၆) ဦး ခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။
ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆေးရုံ၏ အဓိကအဆောက်အအုံ၊ ခွဲစိတ်ကုသဆောင်၊ အရိုးအထူးကုဆောင်၊ ခွဲစိတ်ခန်းများ၊ဝန်ထမ်းအိမ်ရာများနှင့် အနီးအနားရှိ လူနေအိမ်ရာများ အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။ ဆေးဘက်ဆိုင်ရာအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံ အဆောက်အအုံများအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်နှင့် ပတ်သက်၍အလေးအနက် စိုးရိမ်ဖွယ်ရာ အခြေအနေများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ပဋိပက္ခဒဏ်ခံနေရသော လူမှုအသိုက်အဝန်းများတွင် ရှိနှင့်ပြီးဖြစ်သော အားနည်း ထိခိုက်လွယ်သည့် ကျန်းမာရေး စောင့်ရှောက်မှု စနစ်များ ကိုလည်း ပိုမိုယိုယွင်းစေပါသည်။ ဤ

ဖြစ်စဉ်သည် လေကြောင်းတိုက်ခိုက်မှုများက အရပ်သားပြည်သူများ အထိခိုက်လွယ်ဆုံး အချိန်များတွင် ၎င်းတို့ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် အသက်ကယ်ဆေးဝါးကုသမှုများ ရရှိနိုင်ရေးကို ကန့်သတ်ပိတ်ပင်ခြင်းတို့မှတဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများကို ပိုမိုဆိုးရွားစေခဲ့ခြင်းကို ထင်ရှားစွာ ဖော်ပြနေပါသည်။



ပုံ (၁၁): မြောက်ဦးပြည်သူ့ဆေးရုံ (ပုံအရင်းအမြစ် - One Nation News)

မှတ်တမ်းတင်ထားသော ဖြစ်စဉ်များကို လေ့လာသုံးသပ်ရာတွင် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဝေးလံခေါင်ဖျားသောဒေသများရှိ လူမှုအသိုင်းအဝိုင်းများကို ဝန်ဆောင်မှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အအုံများအပေါ် ထပ်တလဲလဲ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၅ ခုနှစ် ဇူလိုတွင်ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်အနီးရှိ နေရပ်စွန့်ခွာ တိမ်းရှောင်လာသော အရပ်သားများနှင့် လစဉ် ဌက်ဖျားရောဂါဝေဒနာရှင် (၁,၀၀၀) ကျော်အား ကုသပေးနေသည့် ဆေးရုံတရုံသည် တပတ်အတွင်း သုံးကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ခံခဲ့ရသည်။ သေဆုံးထိခိုက်မှုများ မရှိခဲ့သော်လည်း အဆိုပါ တိုက်ခိုက်မှုများကြောင့် ဆေးရုံကို ယာယီပိတ်ထားခဲ့ရပြီး တီဘီရောဂါ၊ ကင်ဆာရောဂါနှင့် အခြား ပြင်းထန်သော ရောဂါများ ခံစားနေရသည့် လူနာများ၏ ကုသမှုလုပ်ငန်းစဉ်များ လည်းအဟန့်အတား ဖြစ်စေခဲ့သည်။


ဤဖြစ်စဉ်များသည် ပဋိပက္ခဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ရရှိနိုင်မှုကို သိသိသာသာ ထိခိုက်စေသည့် တိုက်ခိုက်မှုပုံစံတရပ် ရှိနေကြောင်း ညွှန်ပြနေပြီး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအရ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်နှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ အခြေအနေများကို ပေါ်ပေါက်စေပါသည်။

ထို့အပြင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနောက်ပိုင်း ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးပစ္စည်းများ ရှားပါးလာမှုတို့နှင့် ပေါင်းစပ်လိုက်သောအခါ ဆေးရုံများနှင့် ဆေးခန်းများအပေါ် ထပ်တလဲလဲ တိုက်ခိုက်မှုများသည်မြန်မာနိုင်ငံ၏ မူလအစမှပင် အားနည်းနေသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ပိုမိုယိုယွင်းစေခဲ့ပြီး အကူအညီရရှိနိုင်မှု အကန့်အသတ်ရှိသော အရပ်သားပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုက္ခဆင်းရဲမှုများကိုလည်းပိုမိုဆိုးရွားစေခဲ့ပါသည်။

<u>ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်း</u>

လေကြောင်းတိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံတဝန်းရှိ ယဉ်ကျေးမှု နှင့် သမိုင်းဝင်အမွေအနှစ် နေရာများလည်းအကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါသည်။ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့အနီးတိုက်ပွဲများဖြစ်ပွားစဉ် လေကြောင်းတိုက်ခိုက်မှုများကြောင့် တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တခုဖြစ်သော လေးမျက်နှာ စေတီတော် ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းများအရ သိရသည်။ ဒေသခံ တော်လှန်ရေး အင်အားစုများ၏ ပြောကြားချက်အရ အဆိုပါ နေရာ၏

သမိုင်းဝင်အရေးပါမှုကြောင့် ကာကွယ်မှု တစုံတရာ ရရှိနိုင်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၁ရက်နေ့က ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း စစ်လေယာဉ်များက တိုက်ခိုက်မှုများကို ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဒေသတွင်း သတင်းရင်းမြစ်များ၏ အဆိုအရ စစ်တပ်သည် ဘုရားဝင်း အတွင်း တပ်ဖွဲ့ဝင်များကို နေရာချထားခဲ့ပြီး တော်လှန်ရေးအင်အားစုများ၏ တိုက်ခိုက်မှုများကို ခုခံရာတွင် အဆိုပါ ရှေးဟောင်းအဆောက်အအုံကို ခံစစ်အတွက် အသုံးပြုခဲ့ကြောင်း သိရသည်။ ထိုဆောင်ရွက်မှုများသည် အစားထိုးမရနိုင်သော ယဉ်ကျေးမှုအမွေအနှစ်နေရာများ ပျက်စီးဆုံးရှုံးနိုင်ခြေကို ပိုမိုမြင့်တက်စေသည့်အပြင် ယဉ်ကျေးမှုအရ အရေးပါသော နေရာများကို စစ်ရေးထိပ်တိုက် တွန့်ဆုံမှုများအတွင်း တိုက်ရိုက် ထည့်သွင်းစေခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ်များသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးထားသောနေရာများကို စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာများ ပေါ်ပေါက်စေပါသည်။




ပုံ (၁၂) :ရဟတ်ယာဉ်ဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော ရတနာမာန်အောင်စေတီ (ပုံအရင်းအမြစ် - DVB)

အလားတူ ပျက်စီးဆုံးရှုံးမှုများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရခိုင်၊ မြောက်ဦးမြို့၌လည်း မှတ်တမ်းတင်တွေ့ရှိခဲ့ရပြီး စစ်တပ်နှင့် အာရကၡတပ်တော် (AA) တို့အကြား တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ပျက်စီးခဲ့ခြင်းဖြစ်သည်။ဒေသခံပြည်သူများ၏ ပြောကြားချက်အရ Mi-35 ရဟတ်ယာဉ်များဖြင့် ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများကြောင့် သက်ကျမာန်အောင်စေတီ၊ ရတနာမာန်အောင်စေတီ (ပုံ ၁၂) နှင့် သမိုင်းဝင် ဘုရားကျောင်းဆောင်များ အပါအဝင် ရှေးဟောင်းစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းဝင်းများစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ ဒေသခံများ၏ အဆိုအရ စေတီပုထိုးများ၏ အစိတ်အပိုင်းအချို့မှာ လေကြောင်းမှ ပစ်ခတ်သည့် လက်နက်များကြောင့် ကျိုးပဲ့ပျက်စီးခဲ့သည်။ မြောက်ဦးမြို့သည် ၂၀၁၉ ခုနှစ်မှစ၍ UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage List) တွင် ထည့်သွင်းအသိအမှတ်ပြုခံရရန် ကြိုးပမ်းလျက်ရှိသော အရေးပါသည့် သမိုင်းဝင်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ နေရာတခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမှတ်လက္ခဏာကို ကိုယ်စားပြုသည့် အရေးကြီးသော အစိတ်အပိုင်းတရပ်လည်း ဖြစ်သည်။ ဤဖြစ်စဉ်များက လေကြောင်းစစ်ဆင်ရေးများသည် အရပ်သားပြည်သူများ၏ အသက်အိုးအိမ်များကိုသာ ခြိမ်းခြောက်နေခြင်းမဟုတ်ဘဲ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူမှုအသိုင်းအဝိုင်း၏ သမိုင်းမှတ်ဉာဏ်များကို ပြန်လည်အစားထိုး မရနိုင်အောင် ပျက်စီးဆုံးရှုံးစေသည့် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေကြောင်း ဖော်ပြနေပါသည်။

မှတ်တမ်းအထောက်အထားအချက်အလက်များ မှ ထွက်ရှိချက်များ

မှတ်တမ်းတင်နိုင်ခဲ့သော သက်သေအထောက်အထားများအရ မြန်မာနိုင်ငံတဝန်းတွင် လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားများ နှင့် အရပ်သားပိုင် အဆောက်အအုံများအား စစ်တပ်စစ်ဆင်ရေးနည်းဗျူဟာများ၏ အဓိကပစ်မှတ်အနေဖြင့် သိသိသာသာ တိုးမြင့်လာကြောင်း တွေ့ရှိရသည်။ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စစ်ရှောင်စခန်းများနှင့် အရပ်သားပြည်သူများ စုဝေးရာနေရာများအား ထပ်တလဲလဲ တိုက်ခိုက်မှုများ ကြောင့် ပြင်းထန်ဆိုးရွားသော သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ၊ နေရပ်စွန့်ခွါ တိမ်းရှောင်ရခြင်းများ၊ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းများနှင့် ရေရှည်သက်ရောက်သော စိတ်ဒဏ်ရာများကို ဖြစ်ပေါ်စေသည်။ တိုက်ခိုက်မှုများ၏ မြေမျက်နှာသွင်ပြင်အရ ပျံ့နှံ့ဖြစ်ပွားမှုများသည် စစ်ပွဲပဋိပက္ခများ ပြင်းထန်စွာ ဖြစ်ပွားနေသော ဒေသများ အထူးသဖြင့် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတို့တွင် တိုက်ခိုက်မှုများ အများဆုံး စုစည်းဖြစ်ပွားနေကြောင်း တွေ့ရှိရပြီး စစ်ရေးလှုပ်ရှားမှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ လေကြောင်းတိုက်ခိုက်မှုများလည်း တိုးလာခဲ့ပါသည်။ ဤပုံစံများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitarian Law) အရ အကာအကွယ်ပေးထားသည့် အရပ်သားပြည်သူများနှင့် အရပ်သားဆိုင်ရာ အဆောက်အအုံများအပေါ် ထပ်တလဲလဲ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေခြင်းနှင့် စပ်လျဉ်း၍ အလွန်စိုးရိမ်ဖွယ်ရာဖြစ်လျက်ရှိသည်။

အသက်ရှင်သန်မှုများနှင့် နေ့စဉ်လူနေမှုဘဝများ ဆုံးရှုံးရခြင်း



ပုံ (၁၃):လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ၏ စုစုပေါင်းအရေအတွက်များ


၂၀၂၆ ခုနှစ်၊ မေလ အကုန်အထိ မှတ်တမ်းတင်နိုင်ခဲ့သော အချက်အလက်များအရ (ပုံ ၁၃) လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခြင်း၏ ၁၃٪ ခန့် နှင့် ထိခိုက်ဒဏ်ရာရခြင်း၏ ၁၁٪ ခန့်သည် ကလေးသူငယ်များ ဖြစ်ကြောင်း သိရှိရသည်။ စစ်ကိုင်းတွင် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီး ရခိုင်သည် ဒုတိယအများဆုံးဖြစ်သည်။ထိခိုက်ဒဏ်ရာရသူအများစုအား "အသက်အရွယ်မသိရ"

အဖြစ် အမျိုးအစားခွဲခြား မှတ်တမ်းတင်ခဲ့ပြီး ဤသို့ ခွဲခြားမရသည့်စာရင်းမှာလည်း အင်တာနက်ဖြတ်တောက်မှုများ၊ ဆက်သွယ်ရေးစနစ်အား ကြားဝင်နှောင့်ယှက်မှုများ၊ မလုံခြုံမှုများနှင့် ပဋိပက္ခသက်ရောက်ရာဒေသများသို့ လက်လှမ်းမီနိုင်ရန် ခက်ခဲမှုများသည် စဉ်ဆက်မပြတ် မှတ်တမ်းတင်နိုင်ရေးအတွက် စိန်ခေါ်မှုများ ဖြစ်နေကြောင်း ထင်ဟပ်ပြလျက်ရှိသည်။ အဆိုပါ ကန့်သတ်ချက်များကြောင့် မှတ်တမ်းတင်နိုင်ခဲ့သော ကိန်းဂဏန်းများသည် အရပ်သားပြည်သူများ ထိခိုက်မှု၏ အမှန်တကယ် အတိုင်းအတာထက် လျော့နည်းနေမည် ဖြစ်ကြောင်း သုံးသပ်နိုင်သည်။

မြန်မာနိုင်ငံတဝန်း လေကြောင်းအသုံးပြုတိုက်ခိုက်မှု မြင့်တက်လာခြင်း

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနမှ မှတ်တမ်းနှင့် သုတေသနဌာန၏ ကောက်ယူစုဆောင်းနိုင်ခဲ့သော အချက်အလက်များအရ မြန်မာနိုင်ငံတဝှမ်း လေကြောင်းတိုက်ခိုက်မှုများသည် စနစ်တကျ မှတ်တမ်းတင်ခြင်းများ စတင်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စ၍ အဆက်မပြတ် တိုးမြင့်လာခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်ရပ်များနှင့် ကြိမ်ရေနှုန်းများသည်လည်း နှစ်စဉ်နှစ်တိုင်း တိုးမြင့်လာခြင်းဖြင့် အကြမ်းဖက်စစ်တပ်မှ နယ်မြေထိန်းချုပ်ရေးနှင့် ခြိမ်းခြောက်နှိပ်စက်ခြင်းများ ဖော်ဆောင်ရန် နည်းဗျူဟာ တရပ်အနေဖြင့် လေကြောင်းအင်အားအပေါ် ကြီးမားစွာ မှီတည်လာကြောင်း ညွှန်ပြနေပါသည်။ မှတ်တမ်းကောက်ယူရရှိမှုများအရ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၅,၅၀၀ နှင့်အထက် နှင့် တိုက်ခိုက်မှုအကြိမ်အရေအတွက် ၁၂,၀၀၀ ကျော်အား မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဤတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများနှင့် စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ အပါအဝင် အရပ်သား အဆောက်အအုံများအား ထပ်ခါတလဲလဲ ထိခိုက်ပျက်စီးစေခဲ့သည်။

မှတ်တမ်းအချက်အလက်များအရ တိုက်ခိုက်မှု ပုံစံများသည် သိသာထင်ရှားစွာ မြင့်တက်လာသည်ကို (ပုံ ၁၄) တွေ့ရှိရသည်။ တိုက်ခိုက်မှု ဖြစ်စဉ်အရေအတွက် အများဆုံးကို ၂၀၂၅ ခုနှစ် ဧပြီလတွင် မှတ်တမ်းတင်နိုင်ခဲ့ပြီး တိုက်ခိုက်မှုများသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော စစ်ကိုင်းငလျင်ကြီး နောက်ပိုင်းကာလဖြစ်သည်။ ထိုအချိန်တွင် ဒေသခံလူမှုအသိုင်းအဝိုင်း တခုလုံးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆုံးရှုံးမှုများနှင့် အိုးအိမ်စွန့်ခွါရွှေ့ပြောင်းရမှုများကို ပြင်းထန်စွာ ရင်ဆိုင်နေကြရခြင်းဖြစ်သည်။ ထိုကဲ့သို့သော အချိန်ကာလတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အလွန်လိုအပ်နေသော ကာလဖြစ်ပြီး စစ်ရေးဆောင်ရွက်မှုများ ဆက်လက်ပြုလုပ် နေခြင်းသည် အရပ်သားပြည်သူများ၏ ထိခိုက်လွယ်မှုကို ပိုမိုဆိုးရွားစေနိုင်ခဲ့သော စိုးရိမ်မှုများ ဖြစ်ပေါ်စေပါသည်။ တိုက်ခိုက်မှု အကြိမ်အရေအတွက် အများဆုံးကို ၂၀၂၄ ခုနှစ် မတ်လတွင် ထပ်မံ မှတ်တမ်းတင်နိုင်ခဲ့ပြီး စစ်တပ်မှ စီစဉ်ထားသည့် လွတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဒုတိယသမ္မတ ရွေးချယ်မှုဆိုင်ရာ နိုင်ငံရေးဖြစ်စဉ်များနှင့် ဆက်စပ်နေသည့် အချိန်ကာလဖြစ်သည်။ ခြုံငုံသုံးသပ်ကြည့်ပါက လေကြောင်းတိုက်ခိုက်မှုများသည် စစ်ရေးဆိုင်ရာ စစ်ဆင်ရေးများအဖြစ် သာမက နယ်မြေထိန်းချုပ်မှု ပိုမိုခိုင်မာလာစေရန်၊ နိုင်ငံရေးအရ ဖိအားပေး ထိန်းချုပ်လာနိုင်စေရန်နှင့် ပြည်သူလူထုအား ထိန်းချုပ်စိုးမိုးနိုင်ရန် လမ်းကြောင်းများအဖြစ် ပိုမို အသုံးပြုလာနေကြောင်း ညွှန်ပြနေပါသည်။




ပုံ (၁၄): အချိန်နှင့်အမျှ တိုးမြင့်လာသော လေကြောင်းတိုက်ခိုက်မှုကြိမ်နှုန်း

အရပ်သားနေထိုင်ရာနေရာများနှင့် အခြေခံအဆောက်အအုံများအဓိကပစ်မှတ်ဖြစ်လာခြင်း

မှတ်တမ်းတင်ထားသောသက်သေများအရ မြန်မာနိုင်ငံတဝန်းရှိ အရပ်သားနေရာများ နှင့် အများပြည်သူပိုင်အခြေခံ အဆောက်အအုံများကို အဓိကပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုများ ပိုမိုဖြစ်လာကြောင်း တွေ့ရှိရသည်။ စစ်ဆင်ရေးဖော်ဆောင်နေစဉ်အတွင်း ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာအဆောက်အအုံများသည် အကြိမ်ကြိမ် ထိခိုက်ပျက်စီးခြင်း (သို့မဟုတ်) ဖျက်ဆီးခံခဲ့ရပြီး လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေခြင်း မရှိသောနေရာများတွင်ပင် တိုက်ခိုက်ခံရကြောင်းကို တွေ့ရှိရသည်။ အစီရင်ခံကာလအတွင်း ဘာသာရေးအဆောက်အအုံ (၇၅၂) လုံး ထိခိုက်ပျက်စီးခဲ့ပြီး ဖျက်ဆီးခံရမှုအများဆုံးကို ၂၀၂၅ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ စစ်ကိုင်းသည် ဘာသာရေးအဆောက်အအုံ ပျက်စီးမှုအများဆုံးဒေသ ဖြစ်ကြောင်း ဒေသအလိုက် လေ့လာချက်အရ တွေ့ရသည်။ ထို့ပြင် ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများသည်နေရပ်စွန့်ခွာထွက်ပြေးလာသော အရပ်သားများ၏ ခိုလှုံရာနေရာများအဖြစ် အသုံးပြုကြသော်လည်း ၎င်းနေရာများအပေါ် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည်။ သို့ရာတွင် အများပြည်သူနှင့် ဘာသာရေးအခမ်းအနားများကျင်းပသည့်အချိန်များတွင် ဘာသာရေး အဆောက်အအုံများနှင့် သာသနာ့အဝန်းအဝိုင်းနေရာများ ထိခိုက်ပျက်စီးမှုများစွာရှိခဲ့ကြောင်း ဓာတ်ပုံအထောက်အထားများက ဖော်ပြနေသည်။

ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ပြင်းထန်စွာ ထိခိုက်ပျက်စီးခဲ့ရသည်။ အစီရင်ခံကာလအတွင်းကျောင်းပေါင်း (၅၀၂) ကျောင်း ထိခိုက်ပျက်စီးခဲ့ပြီး တိုက်ခိုက်မှုအများဆုံးကို ၂၀၂၅ ခုနှစ် ဧပြီလတွင် မှတ်တမ်းတင်နိုင်ခဲ့ရာ ဖြစ်စဉ်အများစုမှာ စစ်ကိုင်းတွင် ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုများကြောင့် ကလေးများ၏ ပညာသင်ကြားခွင့်ကိုအနှောင့်အယှက်ဖြစ်စေပြီး နောက်ဆက်တွဲစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေကာ လုံခြုံစိတ်ချရသောပတ်ဝန်းကျင်တွင် ပညာသင်ယူခွင့်ကိုလည်း ထိခိုက်ခဲ့ရသည်။

ထို့အပြင် ဆေးရုံများနှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဆောက်အအုံပေါင်း (၁၇၀) ခု ထိခိုက်ပျက်စီးခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပျက်စီးမှုအများဆုံးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်စဉ်အများစုမှာ စစ်ကိုင်းတွင် ဖြစ်ပွားခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အပေါ် ထပ်ခါတလဲလဲ တိုက်ခိုက်မှုများကြောင့် ပဋိပက္ခနှင့်နေရပ်စွန့်ခွာမှုဒဏ်ကို ကြုံတွေ့နေရပြီး ဖြစ်သော ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ရရှိနိုင်မှုမှာပိုမိုခက်ခဲလာခဲ့သည်။ ပျက်စီးမှုအခြေအနေများကို ပုံ(၁၅)တွင် ဖော်ပြထားသည်။ လေကြောင်းစစ်ဆင်ရေးများသည်ပညာရေး၊ ဘာသာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍအမျိုးမျိုးရှိ အရပ်သားကာကွယ်ရေး စနစ်များကို စနစ်တကျအားနည်းပျက်စီးစေခဲ့ကြောင်း ပြသနေသည်။



ပုံ (၁၅): လေကြောင်းတိုက်ခိုက်မှုများကြောင့် ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများပျက်စီးမှု

နယ်မြေဒေသန္တရများအား ပူးပေါင်းအာဏာရှိကြမှုနှင့် တိုက်ခိုက်မှုပုံစံများ

လေကြောင်းတိုက်ခိုက်မှု မုတ်တမ်းအချက်အလက်များကို ဆန်းစစ်ကြည့်ရာ အကြမ်းဖက်စစ်အစိုးရမှ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သော ဒေသများ (အညာဒေသ)နှင့် အခြား ပဋိပက္ခဖြစ်ပွားနေရာ ဒေသများသို့ လေကြောင်းတိုက်ခိုက်မှုများသည် နယ်မြေစိုးမိုးမှုများအား အလွန်အာရုံစိုက်လျက်ရှိကြောင်း သိသာထင်ရှားစွာ မြင်တွေ့ရသည်။ မုတ်တမ်းတင်နိုင်သော ကာလအတွင်း စစ်ကိုင်းတွင် ဖြစ်ရပ်ပေါင်း (၂,၆၀၀) ကျော်ဖြင့် လေကြောင်းတိုက်ခိုက်မှု အများဆုံးခံခဲ့ရကြောင်း တွေ့ရှိရသည်။ မန္တလေးနှင့် မကွေးတို့တွင်လည်း လေကြောင်းစစ်ဆင်ရေး ကြိမ်နှုန်းများစွာ ကြုံတွေ့ခဲ့ရခြင်းများအရ အကြမ်းဖက်စစ်အစိုးရသည် လက်နက်ကိုင်ခုခံရေးများနှင့် တော်လှန်ရေးလှုပ်ရှားမှုများ အားကောင်းနေဆဲဖြစ်ရာ ဒေသများသို့ လေကြောင်းအင်အားကို ဗျူဟာ စနစ်ကျကျ အာရုံစိုက်အသုံးပြုနေခြင်း ဖြစ်ကြောင်း (ပုံ ၂) ညွှန်ပြနေသည်။ ဤဒေသများသည် စစ်တပ်မှ စစ်ဆင်ရေး တိုက်ခိုက်မှုများ၊ နယ်မြေအငြင်းပွားမှုများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်းများ ဆက်လက်ပြင်းထန်လာခြင်းကြောင့် ပဋိပက္ခ ကြာရှည်ဖြစ်ပွားရာ ဒေသများ ဖြစ်လာခဲ့သည်။

အချက်အလက်များအရ လေကြောင်းအကြမ်းဖက်မှုများသည် မြန်မာနိုင်ငံ အလယ်ပိုင်းကိုသာ ကန့်သတ်ထားခြင်း မဟုတ်သည်ကိုလည်း ထပ်မံပြသနေသည်။ စစ်တပ်မှ နယ်မြေဆုံးရှုံးမှုများနှင့် မြေပြင်ထိန်းချုပ်နိုင်မှုများ သိသိသာသာ ကျဆင်းခဲ့သော ရခိုင်တွင်လည်း လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ မကြာခဏ မှတ်တမ်းတင်ခဲ့ရသည်။ ဤပုံစံအရ လေကြောင်းအင်အားသည် မြေပြင်တွင် စစ်တပ်တည်ရှိမှုအား လျှော့ချခြင်းနှင့် နယ်မြေထိန်းချုပ်နိုင်မှု အားနည်းခြင်းတို့အတွက် အစားထိုး တရပ်အနေဖြင့် တိုးမြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်သည်။ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသော နေရာများတွင် လေကြောင်းစစ်ဆင်ရေးများအား ပိုမို မှီခိုအားထား လာခြင်းသည် အရပ်သားများ၏ ထောက်ပံ့မှု ကွန်ယက်များကို ကြားဝင်နှောင့်ယှက်လိုခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးစနစ်များအား ကန့်သတ်လိုခြင်းနှင့် နိုင်ငံရေးနှင့် စစ်ရေး လွှမ်းမိုးမှုများအား ပြန်လည်ခိုင်မာလာစေလိုခြင်းများကို ရည်ရွယ်သော ပိုမိုကျယ်ပြန့်သည့် အကြမ်းဖက်မှုနည်းဗျူဟာ တရပ်အနေဖြင့် ထင်ဟပ်စေသည်။

မှတ်တမ်းတင်ထားသော တိုက်ခိုက်မှုနည်းလမ်းများအနက် စစ်လေယာဉ်များ ဖြင့် ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုများသည် အများဆုံး အသုံးပြုသည့် နည်းလမ်းအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ထိုပုံစံသည် စစ်အုပ်စုသည်စစ်မြေပြင်တွင် တိုက်ရိုက်ထိတွေ့ရမှုကို လျှော့ချထားနိုင်စဉ်တွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေရန်လေကြောင်းအင်အားများ အပေါ် ဆက်လက် အားထားမှီခိုနေကြောင်း ဖော်ပြနေသည်။ အရပ်သားများ နေထိုင်ရာဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ နယ်မြေများတွင် တိုက်ခိုက်မှုများ စုစည်းဖြစ်ပွားနေခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ ၏ အခြေခံမူများဖြစ်သည့် ပစ်မှတ်ခွဲခြားသတ်မှတ်ရန်၊ မျှတစွာအချိုးကျစေရန်နှင့် တိုက်ခိုက်မှုမပြုမီ ကြိုတင်ကာကွယ်ရန်တို့ကို လိုက်နာမှုမရှိခြင်းနှင့် ပတ်သက်၍ အလွန်အလေးအနက် စိုးရိမ်မှုများ ဖြစ်ပေါ်စေသည်။ ထို့အပြင် ပုံ (၁၄) တွင် ဖော်ပြထားသည့် တိုးမြှင့်လာသော ညွှန်းချက်များအရ လေကြောင်းတိုက်ခိုက်မှုများသည် လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်များကို ကန့်သတ်ရန်နှင့် စစ်ဘက်ဆိုင်ရာ လေကြောင်းစစ်ဆင်ရေးများကို လျှော့ချရန် ရည်ရွယ်သည့် နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများ ရှိနေသော်လည်း ဆက်လက် မြင့်တက်လာနေကြောင်း တွေ့ရပါသည်။ ဤအခြေအနေက လက်ရှိ ကျင့်သုံးနေသော တာဝန်ခံမှု ဖော်ဆောင်ရေး ယန္တရားများ နှင့် ပိတ်ဆို့မှုမှုများသည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းစစ်ဆင်ရေး စွမ်းရည်ကို ထိရောက်စွာ ကန့်သတ်ထိန်းချုပ်နိုင်ရန် လုံလောက်မှု မရှိသေးကြောင်း ညွှန်ပြနေပါသည်။

နိဂုံး

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတဝန်းရှိ အရပ်သားများ ၏ နေ့စဉ်ဘဝတွင် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများကို ထင်ဟပ်ဖော်ပြထားသည်။ ယခင်က လုံခြုံသည်ဟု ခံစားရသော ကောင်းကင်သည် ယခုအခါ ပြည်သူများအတွက်ကြောက်ရွံ့မှု၊ ပျက်စီးမှုနှင့် သေဆုံးမှုများကို ယူဆောင်လာသည့် အန္တရာယ်တခု ဖြစ်လာနေသည်။ လူ့အခွင့်အရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အကြမ်းဖက် စစ်အုပ်စုသည် နယ်မြေများကို ပြန်လည်ထိန်းချုပ်နိုင်ရန်၊တော်လှန်ရေးအင်အားစုများကို နှိမ်နင်းရန်နှင့် အရပ်သားပြည်သူများကို ဖိအားပေးရန်အတွက် လေကြောင်းတိုက်ခိုက်မှုများကို အဓိကအသုံးပြု လာကြောင်း တွေ့ရှိရသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော သက်သေအထောက်အထားများအရ လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားများနေထိုင်ရာ နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ စစ်ဘေးရှောင်စခန်းများ၊နေအိမ်များနှင့် အများပြည်သူစုဝေးရာနေရာများကို ထပ်ခါတလဲလဲ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိရသည်။

မှတ်တမ်းများအရ တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးဒဏ်ရာရမှု အများအပြား ဖြစ်ပွားခဲ့ပြီး နေရပ်စွန့်ခွာရခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွက် အရေးပါသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် ကျောင်းစာသင်ချိန်အတွင်း လေကြောင်းတိုက်ခိုက်မှုများ မကြာခဏ ကြုံတွေ့ရသောကြောင့် ကျောင်းသည် ကလေးများအတွက် လုံခြုံသောနေရာမဟုတ်တော့ဘဲ ကြောက်ရွံ့စရာနေရာတစ်ခုအဖြစ် ဖြစ်လာနေသည်။ အလားတူပင် စစ်ဘေးရှောင်စခန်းများနှင့် ဘာသာရေးအဆောက် အအုံများတွင် နေထိုင်နေသော နေရပ်စွန့်ခွာ ပြည်သူများသည်လည်း လုံခြုံရေးအန္တရာယ်များကို ရင်ဆိုင်နေရသည်။

တချိန်တည်းမှာပင် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဆောက်အအုံများအပေါ် ထပ်ခါတလဲလဲ တိုက်ခိုက်မှုများကြောင့် ဆေးဝါးကုသမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှုကို လည်း ထိခိုက်လာသည်။ ထို့အပြင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများပျက်စီးဆုံးရှုံးမှုကြောင့် လူမှုအသိုင်းအဝိုင်း၏ စည်းလုံးညီညွတ်မှုသမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ဆုံးရှုံးခဲ့ရ သည်။ တွေ့ရှိချက်များအရ လေကြောင်းတိုက်ခိုက်မှုများ၏အကျိုးဆက်များသည် ချက်ချင်းဖြစ်သော သေဆုံး၊ ဒဏ်ရာရမှုများကိုသာမကဘဲ ရေရှည်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထိခိုက်မှုများကိုလည်း ဖြစ်ပေါ်စေပြီး မျိုးဆက်အဆက်ဆက်အပေါ် သက်ရောက်မှုရှိနေကြောင်း ဖော်ပြနေသည်။ ကောက်ယူထားသောမှတ်တမ်းများအရ အရပ်သားများ နေထိုင်ရာ နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးနေရာများနှင့် စစ်ဘေးရှောင် စခန်းများကိုထပ်ခါတလဲလဲ တိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေများအရ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင်ပဋိပက္ခအတွင်း စစ်ရေးပစ်မှတ်များနှင့် အရပ်သားများကို ခွဲခြားထား ရမည်ဖြစ်ပြီး အရပ်သားများ ထိခိုက်မှုကို အတတ်နိုင်ဆုံး လျှော့ချရမည်ဖြစ်သော်လည်း ဖြစ်စဉ်များတွင် ၎င်းစည်းမျဉ်းများကိုလိုက်နာမှုမရှိ ကြောင်း တွေ့ရှိရသည်။ အရပ်သားများ အသက်ရှင်ရပ်တည်ရေးအတွက် အရေးကြီးသော နေရာများနှင့်ဥပဒေအရ ကာကွယ်ထားသော အရပ်သားအဆောက်အအုံများကို တိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ရာရောက်နိုင်ပြီး ယင်းဖြစ်စဉ်များကို ဆက်လက် စုံစမ်းစစ်ဆေးရန် လိုအပ်သည်။ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုအတိုင်းအတာ၊ ဖြစ်ပွားမှုအကြိမ်ရေ နှင့် စနစ်တကျ ဆောင်ရွက်ထားသည့် ပုံစံတို့သည် စစ်ရာဇဝတ်မှုများ (War Crimes) သို့မဟုတ် အခြားပြင်းထန်သော နိုင်ငံတကာရာဇဝတ်မှုများ ဖြစ်ပွားနေခြင်းရှိ/မရှိနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာဖြစ်လာစေသည်။ ထို့ကြောင့် အဆိုပါဖြစ်စဉ်များအပေါ် လွတ်လပ်၍ ဘက်မလိုက်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့် တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။

ဤအစီရင်ခံစာ၏ ဖော်ပြချက်အရ လေကြောင်းတိုက်ခိုက်မှုများသည် သီးခြားဖြစ်စဉ်များ မဟုတ်ဘဲ ပစ်မှတ်ထားအကြမ်းဖက်မှုများ၏ အစိတ်အပိုင်းတရပ်ဖြစ်သည်။ ထိုသို့ တိုက်ခိုက်မှုများကြောင့် ပြည်သူများ၏ ဒုက္ခဆင်းရဲမှုများပိုမိုများပြားလာပြီး အရပ်သားများ၏ လုံခြုံရေးနှင့် အသက်ရှင် ရပ်တည်ရေး အခြေအနေများမှာလည်း ပိုမိုထိခိုက်လာနေသည်ကို တွေ့ရသည်။ အကြမ်းဖက်စစ်အုပ်စု အဖွဲ့က လေကြောင်းတိုက်ခိုက်မှုများပိုမိုအသုံးပြုလာခြင်းအပေါ်နိုင်ငံတကာမှ အရေးယူဆောင်ရွက်မှု များကို အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်နေသည်။ အရပ်သားများကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာအစိုးရများ၊ ကုလသမဂ္ဂနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်စစ်တပ် အပေါ် ဖိအားပေးဆောင်ရွက်ခြင်း၊ တာဝန်ခံမှုဖော်ဆောင်ရေးလုပ်ငန်းများကို ထောက်ပံ့ခြင်းနှင့် ထိခိုက်ခံစားရသော ပြည်သူများအတွက် အကာအကွယ်ပေးရေး အစီအစဉ်များကိုလည်း ပိုအား ကောင်းစွာ ဆောင်ရွက်သင့်သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နိုင် စေသည့် လေယာဉ်ဆီ၊ စစ်လက်နက်ပစ္စည်းများနှင့်ဆက်စပ်နည်းပညာများရရှိမှုကို အမြန်ဆုံး ကန့်သတ်ရန် လိုအပ်သည်။ တချိန်တည်းမှာပင် ထိခိုက်ခံစားရသူများအတွက် တရားမျှတမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း ပိုမိုထောက်ပံ့ပေးသင့်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ လူအခွင့်အရေးဝန်ကြီးဌာနက အဆိုပါ ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားခြင်းသည် အရပ်သားပြည်သူများ ကြုံတွေ့ခဲ့ရသော ထိခိုက်နစ်နာမှုများ၏အတိုင်းအတာကို သိရှိနိုင်ရန်နှင့် အနာဂတ်တွင် တာဝန်ရှိသူများအား တာဝန်ခံမှု တာဝန်ယူမှုရှိစေကာ တရားမျှတမှု ဖော်ဆောင်နိုင်ရန် အရေးကြီးသောကြောင့် ဖြစ်သည်။ မှတ်တမ်းတင်ထားသော အချက်အလက်များ၊ အသက်ရှင်ကျန်ရစ်သူများ၏ ထွက်ဆိုချက်များနှင့် စိစစ်အတည်ပြုထားသော အထောက်အထားများသည် အနာဂတ်တွင် တရားမျှတမှုဖော်ဆောင်ရန်၊ တာဝန်ရှိသူများအား တာဝန်ခံစေရန်နှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အတွက်အရေးကြီးသော အခြေခံအထောက်အထားများ ဖြစ်သည်။ နိုင်ငံတကာ၏ ထိရောက်သော အရေးယူ ဆောင်ရွက်မှုများ၊ တာဝန်ခံမှုများ နှင့် အရပ်သားများကို ကာကွယ်ပေးရန်ကြိုးပမ်းမှုများ မရှိပါက မြန်မာနိုင်ငံရှိ ပြည်သူများသည်အကြမ်းဖက်မှုအန္တရာယ်များကို ဆက်လက်ရင်ဆိုင် နေရဦးမည်ဖြစ်သည်။

အကြံပြုတိုက်တွန်းချက်များ

မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်နေသော အခြေအနေများအား နောက်ထပ်ပိုမိုဆိုးရွားလာခြင်းမှ ကာကွယ်နိုင်စေရန် နိုင်ငံတကာအဖွဲ့အစည်းများမှ ပိုမိုထိရောက်ခိုင်မာ၍ ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ဆောင်ချက်များအား လိုအပ်လျက်ရှိကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တိုက်တွန်းလိုပါသည်။

- ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် မြန်မာနိုင်ငံရှိ အရပ်သားပြည်သူ များအား ပစ်မှတ်ထား တိုက်ခိုက်နေလျက်ရှိသော အကြမ်းဖက်စစ်အစိုးရ၏ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းမှ အဆုံးသတ်စေရန် လုပ်ဆောင်လျက် အရပ်သားများအား ကာကွယ်မှုပေးနိုင်စေရန် ထိရောက်သော ထောက်ပံ့မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- နိုင်ငံအသီးသီးမှ အစိုးရကဏ္ဍများ အပါအဝင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများအား ကလေးငယ်များ အပါအဝင် အရပ်သားပြည်သူ ထောင်ပေါင်းများစွာ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများအတွက် တာဝန်ရှိသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးအပေါ် ထိရောက်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် အလေးအနက် တိုက်တွန်းလိုပါသည်။ တဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အစောပိုင်းသတိပေးစနစ်များ၊ အရေးပေါ်ဆေးဝါးကုသမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အခြားလိုအပ်သော ကာကွယ်စောင့်ရှောက်ရေးများ အပါအဝင် အရပ်သားပြည်သူများအား ကာကွယ်ရေးအတွက် လိုအပ်သော အထောက်အပံ့များအား ပံ့ပိုးနိုင်စေရန် လိုအပ်ပါသည်။
- အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ အနေဖြင့် အကြမ်းဖက်စစ်အစိုးရ၏ သေစေနိုင်သော လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများကို အကြမ်းဖက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများမှ လွတ်မြောက်ရန် နေရပ်စွန့်ခွါ ထွက်ပြေးစေပြီး အကျိုးသက်ရောက်မှုများမှာ အိမ်နီးချင်းနိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိနေသည့် ပြင်းထန်သော ဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှုတရပ်ဖြစ်ကြောင်း အသိအမှတ်ပြုသင့်သည်။ အကြမ်းဖက်စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများမှ လုံခြုံရာ ရှာဖွေနေသူများကို ကာကွယ်ပေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို ဆက်လက်ပံ့ပိုးသင့်ပါသည်။
- နောက်ဆုံးအနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် မိတ်ဘက်အဖွဲ့အစည်းများ အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေပြီး အရပ်သားကာကွယ်စောင့်ရှောက်ရေး အစီအမံများ၊ အစောပိုင်းသတိပေးစနစ်များ၊ အရေးပေါ်ဆေးဝါးကုသမှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အပါအဝင် ထိခိုက်ခံစားခဲ့ရသော လူမှုအသိုင်းအဝိုင်းများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အထူးအလေးထား ဆောင်ရွက်သင့်ပါသည်။

